မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရှု၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၅)၊ အမှတ်(၀၂၉)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်စဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးပြီး တည်ငြိမ်သည့်အစိုးရတစ်ရပ် ထွက်ပေါ်လာစေရေး မျှော်မှန်းဆောင်ရွက်ပေးသွားရမည်

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

ယနေ့ ဖတ် စ ရာ

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကျင်းပမည့်နေ့ရက်နှင့် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာ

ပြည်တွင်းသတင်း စာ ၉

နျူကလီးယားဓာတ်ပေါင်းဖို၊ နျူကလီးယားဗို့ကွဲခြင်းနှင့် နျူကလီးယားပေါင်းခြင်းအကြောင်း

ဆောင်းပါး စာ ၁၀

သံအမတ်ကြီး ဦးသန့်စင် အား နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန့်စင် အား နီပေါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ သတင်းစဉ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်ပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

ရန်ကုန်လိပ်စာ		မန္တလေးလိပ်စာ
အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။	လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။	ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။

၂၈ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက် ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၈၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉ - ၁၀ - ၂၀၂၅

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၆၀၀	၂၇၀၀	၂၇၅၀	၂၆၈၅	၂၇၉၀	၂၈၀၅	၂၈၂၀	၂၇၄၀	၄၅၀၅	၃၀၃၅	၂၇၉၅	၂၈၃၀	၂၈၃၀	၂၇၉၅	၂၈၀၅	၃၀၇၀
95 Ron	၂၇၆၀	၂၈၇၅	၂၈၄၀	၂၇၇၅	၂၈၀၀	၂၈၉၅	၂၉၁၀	၂၈၃၀	၄၅၆၀	၃၁၂၅	၂၈၅၀	၂၉၀၀	၂၉၂၀	၂၈၈၅	၂၉၀၅	၃၀၆၅
HSD (500 ppm)	၂၃၀၀	၂၄၉၅	၂၄၆၀	၂၃၉၅	၂၄၅၀	၂၄၁၀	၂၄၃၀	၂၄၄၀	-	၂၆၄၅	၂၄၆၅	၃၀၅၀	၂၄၅၀	၂၄၁၀	၂၄၂၅	၂၅၀၀
HSD (50 ppm)	၂၉၀၀	၃၀၁၀	၂၉၀၀	၂၉၀၅	၃၀၂၀	၃၀၃၅	၃၀၅၀	၂၉၃၀	၄၈၃၀	၃၂၆၅	၂၉၈၅	၃၀၆၀	၃၀၂၀	၃၀၄၅	၃၀၆၅	၃၁၀၀
HSD (10 ppm)	၂၉၀၀	၃၀၁၀	၂၉၀၀	၂၉၀၅	၃၀၂၀	၃၀၃၅	၃၀၅၀	၂၉၃၀	-	၃၂၆၅	၂၉၈၅	၃၀၆၀	၃၀၂၀	၃၀၄၅	၃၀၆၅	၃၁၀၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၅၀၉	၂၅၉၃
95 Ron	၂၅၉၈	၂၆၈၄
HSD (500 ppm)	၂၂၂၉	၂၃၀၃
HSD (50 ppm)	၂၇၃၂	၂၈၀၆
HSD (10 ppm)	၂၇၃၂	၂၈၀၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၂၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	ဟန်လင်းအောင်	သတင်းထောက်မှူး	-	ခင်ရုတနာ
စာတည်းမှူး	-	မြင့်စိုး	အကြီးတန်း	-	ကျော်သူဝင်း၊ တင်မောင်လွင်၊
စာတည်းများ	-	ကျော်ဇေယျာဖြင့်၊ နေဇာဇာထွန်း	သတင်းထောက်များ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဘာသာပြန်စာတည်း	-	ခြူးစန်ဦးနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်	ဓာတ်ပုံသတင်းထောက်	-	တင်စိုး
			စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
သုတေသန	-	အိအိခင်နှင့် အဖွဲ့	အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
စာပြင်	-	ဇော်မင်းသန်းနှင့် အဖွဲ့			

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၄၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ စိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၀၅၊ ဌေးရင်း ၀၁-၅၄၄၃၀၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၈၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၀၅၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

လူတိုင်းသတိပြုကြရမည့်လေဖြတ်ရောဂါ ကြိုတင်ကာကွယ်မှုဖြင့် ရှောင်ရှားပါ

အချိန်အခါနေရာမရွေး လူတိုင်းလေဖြတ်နိုင်ခြေရှိသည်။ လေဖြတ်ခြင်းသည် သေဆုံးမှုကို ဖြစ်စေသောအကြောင်းရင်းများအနက် ဒုတိယအများဆုံးဖြစ်ပြီး မသန်စွမ်းမှုဖြစ်စေသည့်အကြောင်းများတွင် အဖြစ်အများဆုံးအဖြစ် အဓိကအကျဆုံးရောဂါဖြစ်သည်။ လူလေးဦးတွင် တစ်ဦးသည်ဘဝသက်တမ်းတစ်လျှောက် လေဖြတ်ခြင်းနှင့်ကြုံတွေ့နိုင်ခြေရှိသည့်အလျောက် ဤရောဂါနှင့်ပတ်သက်၍ လူတိုင်းသိနားလည်ထားကြရန်လိုအပ်သည်။

ကမ္ဘာတစ်ဝန်းနှစ်စဉ်လေဖြတ်ရောဂါဖြစ်ပွားနေသူ ၁၄ ဒသမ ၅ သန်းခန့်ရှိနေပြီး ၎င်းတို့အနက် ၅ ဒသမ ၅ သန်းခန့်မှာ အသက်ဆုံးရှုံးသွားသည်။ လက်ရှိကမ္ဘာပေါ်တွင် လေဖြတ်ရောဂါခံစားရပြီး အသက်ရှင်ကျန်ရစ်နေသူ စုစုပေါင်း သန်း ၈၀ ခန့် ရှိနေရာ ၎င်းတို့မှာ အကောင်းပကတိရှိနေခြင်းမဟုတ်ဘဲ ခန္ဓာကိုယ်မသန်စွမ်းခြင်း၊ စကားပြောရန်ခက်ခဲခြင်း၊ မှတ်ဉာဏ်နှင့် စိတ်ခံစားမှုတို့ ထိခိုက်ပြောင်းလဲသွားခြင်း၊ ၎င်းတို့၏ လူမှုစီးပွားဘဝများဆုံးရှုံးခြင်း စသည့်အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ဝင်ငွေနည်းတိုင်းပြည်များမှ ပြည်သူများမှာ လေဖြတ်ရောဂါကို ပိုမိုခံစားနေကြရခြင်းဖြစ်ရာ လေဖြတ်ရောဂါကို မဖြစ်ခင်က ကြိုတင်ကာကွယ်နိုင်ကြရန်လိုသည်။

စင်စစ်အားဖြင့် လေဖြတ်ခြင်း၏ ၉၀ ရာခိုင်နှုန်းမှာ ကြိုတင်ကာကွယ်၍ ရနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။ လေဖြတ်ခြင်းကို ဖြစ်စေနိုင်သည့်အကြောင်းရင်းများကို ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ခြင်းအားဖြင့် လေဖြတ်ခြင်းကို ထိထိရောက်ရောက် လျှော့ချနိုင်သည်။ လေဖြတ်ခြင်းသည် ဦးနှောက်သွေးကြောပိတ်ခြင်း သို့မဟုတ် ပေါက်ခြင်းတို့ကြောင့် ဦးနှောက်သို့သွေးစီးဆင်းမှု ပြတ်တောက်ခြင်း သို့မဟုတ် လျော့နည်းသွားခြင်းဖြစ်ပေါ်သည့် အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်သည်။ ဦးနှောက်သွေးကြောပိတ်ခြင်းသည် အဖြစ်များဆုံးဖြစ်ပြီး ၈၅ ရာခိုင်နှုန်းသော လေဖြတ်ခြင်းများမှာ ဦးနှောက်သွေးကြောပိတ်ခြင်းကြောင့်ဖြစ်သည်။ ကျန် ၁၅ ရာခိုင်နှုန်းမှာ ဦးနှောက်သွေးကြောပေါက်ခြင်းကြောင့် ဖြစ်သည်။

လေဖြတ်ရောဂါဖြစ်စေသည့် အကြောင်းရင်းများတွင် ပြုပြင်ပြောင်းလဲ၍မရနိုင်သောအကြောင်းရင်းများနှင့် ပြုပြင်ပြောင်းလဲ၍ ရနိုင်သောအကြောင်းရင်းများဟူ၍ နှစ်မျိုးရှိရာ အသက်ကြီးလာခြင်း၊ အမျိုးသားဖြစ်ခြင်း၊ လေဖြတ်နှင့် နှလုံးရောဂါမျိုးရိုးရှိခြင်း၊ ယခင်ဖြစ်ဖူးခြင်းတို့သည် ပြုပြင်ပြောင်းလဲ၍မရနိုင်သောအကြောင်းရင်းများဖြစ်သည်။ ပြုပြင်ပြောင်းလဲ၍ရနိုင်သောအကြောင်းများမှာ သွေးတိုး၊ နှလုံးရောဂါရှိခြင်း၊ လည်ပင်းရှိ သွေးလွှတ်ကြောကျဉ်းထူခြင်း၊ ကျဉ်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ သွေးချိုဆီးချိုရှိခြင်း၊ အဝလွန်ခြင်း၊ သွေးတွင်းအဆီဓာတ်များခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းတို့ဖြစ်သည်။

လေဖြတ်ရောဂါကာကွယ်ရန်အတွက် သွေးပေါင်ချိန်ပုံမှန်ရှိရန်၊ သွေးတွင်းအဆီဓာတ်မတက်ရန်နှင့် ကိုယ်အလေးချိန်မတက်ရန် ထိန်းကြရမည်ဖြစ်သည်။ သွေးချိုဆီးချိုရှိပါက စနစ်တကျကုသရန်နှင့်ဆေးလိပ်၊ အရက်၊ အချို၊ အငန်၊ အဆီလွန်ကဲသောအစားအစာများကို ရှောင်ကြဉ်ရန်လည်း လိုအပ်သည်။ အမျှင်ဓာတ်များသောဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ နေ့စဉ်စားသုံးရန်နှင့် ကိုယ်လက်လေ့ကျင့်ခန်းများ တစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် နာရီဝက်ခန့် ပြုလုပ်ကြရမည်လည်းဖြစ်သည်။ ထို့အပြင် စိတ်ဖိစီးမှုများကို ဖြေဖျောက်ရန်နှင့် လေဖြတ်ခြင်း ရှုပ်ပွေးလက္ခဏာများတွေ့ရှိပါက အချိန်မဆိုင်းဘဲ ချက်ချင်းကုသမှုခံယူရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

လေဖြတ်ခြင်းလက္ခဏာကို F.A.S.T ဟူ၍ အတိုကောက်မှတ်သားနိုင်ပြီး F–Facial dropping (မျက်နှာချွဲခြင်း)၊ A–Arm Weakness (လက်မောင်းအားလျော့နည်းခြင်း)၊ S–Speech Difficulty (စကားဗလုံးဗထွေးဖြစ်ခြင်း)၊ T–Time to call emergency (အရေးပေါ်ကုသမှုချက်ချင်းခံယူခြင်း)ဖြစ်သည်။ လေဖြတ်ပြီးနောက် ပထမဓမ်မနစ် ၆၀ ကို ရွှေနာရီအဖြစ်သတ်မှတ်ထားပြီး အမြန်ကုသမှုခံယူပါက ဦးနှောက်ပျက်စီးမှုကို သိသိသာသာ လျော့ချပေးနိုင်ကာ ပြန်လည်ကောင်းမွန်သည့်ရလဒ်များကို ပိုမိုရရှိစေနိုင်သည်။

သို့ဖြစ်ရာ အသက်ကြီးသူ၊ မျိုးရိုးရှိသူ၊ လေဖြတ်ဖူးသူများ လေဖြတ်ရောဂါကို သတိပြုကြရန်နှင့် လေဖြတ်ရောဂါဖြစ်နိုင်သည့် အကြောင်းရင်းများကို ရှောင်ကြဉ်ရန်၊ လေဖြတ်ရောဂါဖြစ်လာပါက လည်း တစ်မိနစ်မျှပင် အချိန်မဆိုင်းဘဲ အမြန်ဆုံးကုသမှုခံယူကြရန် နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

ရွှေကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွှေကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွှေကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွှေကောက်ပွဲနှင့်ပတ်သက်၍ ပိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အဝဲလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

- **မှန်ကန်သည့် ရွေးကောက်ပွဲ၊ မဲမသမာမှုမရှိသည့် ရွေးကောက်ပွဲ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး မဲစာရင်းများ မှန်ကန်မှုရှိရေးသည် အဓိကကျ**
- **ထို့ကြောင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မဲစာရင်းများ ပြုစုရာတွင် အမှားအယွင်းမရှိစေရေး၊ မဲမသမာမှုများ မရှိစေရေး အလေးထားဆောင်ရွက်သွားရန်လို**
- **ယနေ့မှစ၍ မဲဆွယ်စည်းရုံးမှုကာလစတင်မည်ဖြစ်ပြီး ပါတီများအလိုက် မဲဆွယ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ကြတော့မည်ဖြစ်**

◆ *ရွှေဖုံးမှ*

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညီစော၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများအား အသီးသီး ဆွေးနွေးတင်ပြ

ဦးစွာ ပြည်ထောင်စုဝန်ကြီးများက ဆွေးနွေးတင်ပြကြရာတွင် ဒေသအလိုက် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိမှု၊ စိုက်ကေ၊ အထွက်နှုန်းများနှင့် ပတ်သက်၍ နှစ်အလိုက် နှိုင်းယှဉ်တွေ့ရှိချက်များ၊ စပါးသီးနှံနှင့် ချည်မျှင်ရှည်ဝါ အထွက်နှုန်းများ၏ ဖြစ်နိုင်ခြေဆန်းစစ်ချက်များ၊ ဒေသအလိုက် မြေနိမ့်ကော်ဖီဖြစ်ထွန်းအောင်ခြင်မှုနှင့် တိုးချဲ့စိုက်ပျိုးနိုင်မှု၊ ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လူဦးရေအရ အသားငါးနှင့် ဥအမျိုးမျိုး ဖူလုံမှု၊ ရေနက်ကွင်းဧရိယာများကို ငါးကန်တူးဖော်ပြီး သီးနှံစိုက်ပျိုးမြေဖော်ထုတ်၍ သီးနှံစိုက်ပျိုးခြင်းနှင့် ငါးမွေးမြူခြင်းကို ယှဉ်တွဲဆောင်ရွက်နိုင်မှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုတင်ပြချက်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးသီးနှံများ ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် သွင်းအားစုများကို တောင်သူများ၏ လက်ဝယ်အရောက် ပေးအပ်ပြီး အသိပညာပေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့အရင်းအမြစ်များအား နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် စနစ်တကျဖော်ထုတ် အသုံးပြုနိုင်ရန် လိုအပ်မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခွင့်ပြုပေးခဲ့မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခဲ့မှုနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အရှိန်အဟုန်ဖြင့် တိုက်ဖျက်ဆောင်ရွက်လျက်ရှိမှုနှင့် ဖော်ထုတ်ဖမ်းဆီးရမိမှုအခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးကို ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်လိုအပ်မှု၊ လျာထားလုပ်ငန်းများအတွက် သာမန်ငွေလုံးငွေရင်းအသုံးစရိတ်များကို ခွင့်ပြုပေးခဲ့မှုနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများအပေါ် စိစစ်တင်ပြချက်များ၊ လုပ်ငန်းရပ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် ပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဆွေးနွေးတင်ပြကြရာတွင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများအား ပြုပြင်ဆောင်ရွက်လျက်ရှိမှုနှင့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အလတ်စားနှင့် အငယ်စား (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စေရေးအတွက် ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ဘဏ္ဍာငွေသုံးစွဲမှုများ မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိဖြစ်စေရေး

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးမှုကြားရာတွင် ဘဏ္ဍာငွေသုံးစွဲမှုနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် နိုင်ငံတော်မှ ခွင့်ပြုပေးထားသည့် ဘဏ္ဍာငွေများကို အကျိုးရှိရှိ အသုံးပြုသွားရန်လိုကြောင်း၊ လုပ်ငန်းရပ်များအလိုက် ငွေကြေးသုံးစွဲမှုများကို ဆောင်ရွက်သွားမည်ဆိုပါက လည်ပတ်သုံးစွဲငွေမြင့်တက်လာပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေပေါ်လာစေပြီး ဝယ်လိုအားနှင့် ရောင်းလိုအားများ ကောင်းမွန်လာမည်ဖြစ်ကာ အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘဏ္ဍာငွေသုံးစွဲမှုများကို မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့အပြင် ခွင့်ပြုငွေများအလိုက် အချိန်တိုအတွင်း ဆောင်ရွက်နိုင်မည့် အများပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် (Quick Win) လုပ်ငန်းများကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နည်းလမ်းမျိုးစုံဖြင့် မဲသမာမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ယူခဲ့ရသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့် ရွေးကောက်ပွဲတွင် မဲသမာမှုများ ဖြစ်ပေါ်မှု မရှိစေရေး Myanmar Electronic Voting Machine (MEVM) ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ MEVM စက်များသည် မဲသမာမှု မည်ကဲ့သို့မျှ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ **မှန်ကန်သည့် ရွေးကောက်ပွဲ၊ မဲသမာမှုမရှိသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲ ဖြစ်စေရေး မဲစာရင်းများမှန်ကန်မှုရှိရေးသည် အဓိကကျ** ကြောင်း၊ ထို့ကြောင့် **ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မဲစာရင်းများ ပြုစုရာတွင် အမှားအယွင်းမရှိစေရေး၊ မဲသမာမှုများ မရှိစေရေး အလေးထားဆောင်ရွက်သွား ရန်လို** ကြောင်း၊ ယနေ့မှစ၍ မဲဆွယ်စည်းရုံးမှု ကာလစတင် မည်ဖြစ်ပြီး ပါတီများအလိုက် မဲဆွယ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ကြတော့မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးပြီး တည်ငြိမ်သည့်အစိုးရတစ်ရပ် ထွက်ပေါ်လာစေရေး မျှော်မှန်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

နိုင်ငံစီးပွားဖြင့်တင်နိုင်ရေးနှင့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ နိုင်ငံ့စီးပွား ဖြင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏ တစ်ဝက်ကျော်ခန့်သည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကိုဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် MSME ကုန်ထုတ်လုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ **အချို့သော** စိုက်ပျိုးရေးလုပ်ငန်းများမှရရှိသည့် စက်မှုကုန်ကြမ်းထွက်ကုန်များဖြင့် MSME လုပ်ငန်းများသာမက စက်မှုကုန်ထုတ်လုပ်ငန်းကြီးများကိုလည်း လုပ်ဆောင်နိုင်ကြောင်း၊ ဥပမာအားဖြင့် ရော်ဘာစိုက်ပျိုးမှုမှ အစပြုသည့် တာယာထုတ်လုပ်ခြင်းကဲ့သို့သော ကုန်ထုတ်စက်မှုလုပ်ငန်းကြီးများ၊ ပါစိုက်ပျိုးမှုမှ အစပြုသည့် ချည်မျှင်နှင့် အထည်အလိပ်ထုတ်လုပ်ခြင်းကဲ့သို့သော စက်မှုလုပ်ငန်းကြီးများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြင့်တင်ဆောင်ရွက်ပေးခြင်းပင် ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေးကို မြင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဆန်သီးနှံ အပါအဝင် အခြားသီးနှံများကို အရည်အသွေးမြင့်စွာဖြင့် ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဆောင်ရွက်၍ ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ပြည်တွင်းဆီလိုအပ်ချက်ရှိခြင်းကြောင့် ဆီထွက်သီးနှံစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်လျက်ရှိသော်လည်း ပြည်ပမှစားသုံးဆီများကို တင်သွင်းနေရဆဲဖြစ်ကြောင်း၊ ဆီထွက်သီးနှံမှမိုးနှင့် မြေပဲစိုက်ပျိုးမှုများရှိသော်လည်း မိုးရိုးဗလာစားသုံးမှုနှင့် ပြည်ပတင်ပို့မှုများကြောင့် ပြည်တွင်းဆီဖူလုံမှုအတွက် လိုအပ်ချက်များ ရှိနေသေးကြောင်း၊ နေကြာစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး ပြည်ပမှဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် ကော်ဖီသည် နှစ်ရှည်သီးနှံဖြစ်ပြီး မိမိတို့နိုင်ငံမှ ထွက်ရှိသည့် အာရေးဗီးကာ၊ ကော်ဖီသည် ကမ္ဘာပေါ်တွင် နာမည်ကောင်းရရှိပြီးဖြစ်ပြီး ဈေးကွက်ရရှိပြီးဖြစ်ကြောင်း၊ မြေနိမ့်ကော်ဖီရိုဘက်စတာကိုလည်း နိုင်ငံအနှံ့ စိုက်ပျိုးနိုင်ကြောင်း၊ ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ နှစ်ရှည်ဝင်ငွေရသည့် သီးနှံအဖြစ် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ဇရုတ်ကောင်းကဲ့သို့ ဥယျာဉ်သီးနှံများကိုလည်း စိုက်ပျိုး၍ ရရှိနိုင်ကြောင်း၊ စိုက်ပျိုးတောင်သူများကိုလည်း

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

လိုအပ်သည့် အသိပညာပေးမှုများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း မိမိတို့ဒေသအလိုက် ပိုင်ဆိုင်ထားသည့် အရင်းအမြစ်များကို ကောင်းမွန်အကျိုးရှိစွာ အသုံးချနိုင်ရေး လေ့လာဆန်းစစ်ဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံတော်နှင့် ဒေသအတွက် အကျိုးရှိနိုင်မည့် လုပ်ငန်းရပ်များကို ဆောင်ရွက်သွားနိုင်ရေး ရှုထောင့်ပေါင်းစုံမှကြည့်၍ ဆောင်ရွက်သွားကြရန် လိုကြောင်း။

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ အသက် ၂၅နှစ် အထက်လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် ပညာရေးအားနည်းသဖြင့် ပညာရေးကို အလေးပေးဖြင့်တင် ဆောင်ရွက်သွားရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ပြီး ပညာရေးအားကောင်းလာမှသာလျှင် လူသားအရင်းအမြစ်ကောင်းများကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှု မရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ များစွာရှိကြောင်း၊ မိမိတို့တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှ ယခုအချိန်အထိ ကာလအတွင်း၌ပင် တက္ကသိုလ်ဝင်တန်းဖြေဆိုခဲ့ပြီး အောင်မြင်ခြင်းမရှိခဲ့သူ လူဦးရေ ၅ သန်းခန့်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်အတွက် မည်ကဲ့သို့ အသုံးချနိုင်မည်ကို စဉ်းစားဆောင်ရွက်ရန် လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍ သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကွန်ပျူတာနှင့် နည်းပညာကို ပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုရှိခဲ့ပြီး အကျိုးရလဒ်များကို တွေ့မြင်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးနှင့်ပတ်သက်ပါက ရေရှည်အနာဂတ်အကျိုးကိုကြည့်၍ စီမံဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ အများစုအနေဖြင့် အလယ်တန်းအဆင့်တွင်ပင် ပညာရေးဆုံးခန်းတိုင်မှုများလည်းရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာသင်အထက်တန်းကျောင်းများကို ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် အောင်မြင်မှုများအထိုက်အလျောက်ရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ရေးနှင့် ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များကို အလေးထားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ပြည်သူလူထုနှင့် သက်ဆိုင်သည့်နေရာများ၊ အားကစားကွင်းများ အဆင့်မီမီဖြစ်ပေါ်လာစေရေး

မြို့သာယာလှပရေးနှင့်ပတ်သက်၍ မြို့ပြတိုးချဲ့တည်ဆောက်မှုစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မြို့ကွက်များ တိုးချဲ့ဆောင်ရွက်ခြင်းအတွက် ရေ၊ မီး၊ လမ်းနှင့် အခြေခံအဆောက်အဦစသည်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရကြောင်း၊ ထို့ကြောင့် အချို့နေရာများတွင် မြေနေရာကို တန်ဖိုးရှိစွာ အသုံးချနိုင်ရေး၊ အဆင့်မီအိမ်ရာ၊ တိုက်ခန်းများ ဆောက်လုပ်ပေးခြင်းဖြင့် မြို့ပြအဆင့်အတန်းမြှင့်တင်ခြင်းက ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း၊ မြို့ကွက်သစ်များ ဖော်ဆောင်ထားသည်နှင့်အညီ အမှန်တကယ် အဆောက်အဦများနှင့် နေထိုင်သူများ ဖြစ်ပေါ်လာရန်လည်းလိုကြောင်း၊ မြို့သာယာလှပရေးနှင့်ပတ်သက်၍ ချမှတ်ထားသည့် စည်ပင်သာယာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်ရန်လိုပြီး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ စည်ပင်သာယာရေးဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မိမိတို့ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်သည်များကို တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားရန် လိုအပ်ကြောင်း။

မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်မှုနှင့်အတူ မြို့နေပြည်သူလူထုတို့အတွက် အပန်းဖြေအနားယူရန်နေရာများ၊ ပြည်သူလူထုနှင့်သက်ဆိုင်သည့်နေရာများကိုလည်း ဖော်ဆောင်ပေးသွားရန်လိုကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များအလိုက်၌လည်း ပျော်ပွဲရွှင်ပွဲများ ကျင်းပနိုင်မည့်နေရာများ၊ အားကစားပွဲများ ကျင်းပနိုင်မည့်နေရာများကိုလည်း ဖော်ဆောင်ပေးထားရမည်ဖြစ်ကြောင်း၊ ထို့ပြင် အခြေခံပညာကျောင်းများ၌လည်း သင့်လျော်သည့် အားကစားကွင်းများ ရှိစေရေး၊ စာသင်ကျောင်းနှင့်ကိုက်ညီသည့် အခြေခံအဆောက်အဦများ ပြည့်မီမှုရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက်ရှိ လူဦးရေနေထိုင်မှုများပြားသည့် မြို့နယ်များ၌ မီတာ ၄၀၀ ပြေးလမ်းပါ အားကစားကွင်းများကို မိမိတို့အနေဖြင့် ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ ထို့မှတစ်ဆင့် မိုးလုံလေလုံ အားကစားရုံများ၊ မိုးလုံလေလုံရေကူးကန်များကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်အနေဖြင့် ပိုင်ဆိုင်ထားပြီးဖြစ်သည့် အားကစားကွင်းများကို ပျက်စီးမှုမရှိစေရေးနှင့် အဆင့်မီမီကစားနိုင်ရေး ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ လိုအပ်နေသည့် အားကစားကွင်းများကိုလည်း သတ်မှတ်ချက်များနှင့်အညီ တင်ပြတောင်းခံသွားရန် လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လူဦးရေ သိန်းကျော်ခန့် နေထိုင်လျက်ရှိသည့် မြို့များ၌ ပြည်သူလူထု ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍဖွင့်တင်ရေးအတွက် အဆင့်မီ အားကစားကွင်းများ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ဦးဆောင်အုပ်ချုပ်ရသည့် ပြည်နယ်နှင့် ဒေသများကို ကိုယ်စားပြုခြင်းဖြစ်ပြီး မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို အမြဲမပြတ် စဉ်းစားဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ အားကစားကဏ္ဍနှင့် ဆက်စပ်၍ လာမည့်ဒီဇင်ဘာလသည် အားကစားလဖြစ်ပြီး လူထုအားကစားပွဲများ၊ လူထုလမ်းလျှောက်ပွဲများတွင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်မှုရှိစေရေး ဆောင်ရွက်သွားကြရန်လို ကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်စေနိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ခြင်း ဖြစ်ပြီး မိမိတို့တာဝန်ယူထားရသည့်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်နိုင်သည်မှန်သမျှကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌက ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ကရင်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေကို ပေးအပ်ချီးမြှင့်ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဟန်ဂိုင်းမြို့အခြေစိုက် ဘဏ်လာရုစ်သံရုံးမှ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ဟန်ဂိုင်းမြို့ အခြေစိုက် ဘဏ်လာရုစ် သံရုံးမှ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။(ဝဲပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘဏ်လာရုစ်နှစ်နိုင်ငံ ဗဟိုဘဏ်များအကြား ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ၊ ကုန်သွယ်မှုပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ နှင့် နှစ်နိုင်ငံအကြား ငွေကြေးအမျိုးမျိုးဖြင့် ငွေလွှဲပြောင်းမှု ဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ သတင်းစဉ်

ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာရက်သတ္တပတ်လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၅၇ ဦးနှင့် ကြီးကြပ်အုပ်ချုပ်သူ ဆရာ ဆရာမသုံးဦးတို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကြည့်ရှုလေ့လာကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပင်မအဆောက်အအုံရှိ Auditorium ခန်းမတွင် မြန်မာ့ရုပ်မြင်သံကြား ဝန်ထမ်းများက “အားလုံးချစ်သည် MRTV” တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး “နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်မိဒီယာ” Video Clip ကို ပြသသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ News Channel Audio တွင် သတင်းထုတ်လွှင့်မှုကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစိန်ရတုပြိတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေးမော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များ၌ ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်းပြခန်း ၄၀ ခင်းကျင်းပြသထားရှိမှုကိုကြည့်ရှုလေ့လာကြပြီး ပြတိုက်မှူးများက ပြတိုက်အဆောက်အအုံ၏ သမိုင်းကြောင်းနှင့် ပြတိုက်တွင် ပြသထားသည့် ပစ္စည်းများ၏ သမိုင်းကြောင်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၏ ဖြည့်စွက်မှုများအား စီစစ်၍ ပြည့်စုံစွာ ဖြေဆိုနိုင်သူများကို အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။

မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့သည် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွရှိ သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

သတင်းစဉ်

❏ **အချို့သော စိုက်ပျိုးရေးလုပ်ငန်းများမှလွဲ၍ စက်မှုကုန်ကြမ်း ထွက်ကုန်များဖြင့် MSME လုပ်ငန်းများသာမက စက်မှုကုန်ထုတ်လုပ်ငန်းကြီးများကိုလည်း လုပ်ဆောင်နိုင်၊ ဥပမာအားဖြင့် ရော်ဘာစိုက်ပျိုးမှုမှ အစပြုသည့် တာယာထုတ်လုပ်ခြင်းကဲ့သို့သော ကုန်ထုတ်စက်မှုလုပ်ငန်းကြီးများ၊ ဝါစိုက်ပျိုးမှုမှ အစပြုသည့် ချည်မျှင်နှင့် အထည်အလိပ်ထုတ်လုပ်ခြင်းကဲ့သို့သော စက်မှုလုပ်ငန်းကြီးများကို ဆောင်ရွက်နိုင်မည်၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်သွားကြရမည်**

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ခွင့်ပြုငွေများကို သတ်မှတ်ထားသည့်အချိန်အတွင်း၌ ထိထိရောက်ရောက်အကျိုးရှိရှိသုံးစွဲပြီး ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ရုပ်လုံးပေါ်လာရန်လို

နေပြည်တော် အောက်တိုဘာ ၂၈

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၌ကျင်းပပြုလုပ်ရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညီစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုပေးရန်ဖြစ်ကြောင်း၊ အတည်ပြုပြီးပါက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကတစ်ဆင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ဆက်လက်ပေးပို့တင်ပြအတည်ပြု ပြဋ္ဌာန်းသွားရမည်ဖြစ်ကြောင်း။

ချင့်ချိန်ဆောင်ရွက်ရန်လို

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတွင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ရုံး၊ ကျောင်း၊ ဆေးရုံ စသည့်အဆောက်အအုံများ၊ အိမ်ရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းရမည့်ကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် အသုံးစရိတ်များနှင့် နိုင်ငံဖွံ့ဖြိုးမှုနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ စသည့် အခြေခံအဆောက်အအုံလုပ်ငန်းများအတွက် အဓိကထား ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆောင်ရွက်သည့်နေရာတွင် ဖြည့်စွက်ခွင့်ပြုငွေရရှိမည့်ကာလနှင့် ဆောင်ရွက်နိုင်မည့် လုပ်ငန်းပမာဏကို ချင့်ချိန်ဆောင်ရွက်ရန်လိုကြောင်း။

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ဆုံးရှုံးမှုများအတွက် နိုင်ငံတော်ပိုင် အခြေခံအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရန်၊ အသစ်ဆောက်လုပ်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သုံးစွဲနိုင်ရန် ပြည်ထောင်စုအဆင့်၊ အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လျာထားခွင့်ပြုထားသည့် အသုံးစရိတ်များအနက်မှ "အထွေထွေပို့ဆောရန်ပုံငွေ"(GRF) သို့ ပြန်လည်အပ်နှံငွေကျပ် ၂၀၆၉ ဒသမ ၃၃၆ ဘီလီယံကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေထဲကို လွှဲပြောင်းထည့်သွင်းခဲ့ပြီးလည်း ဖြစ်ကြောင်း၊ မိမိတို့အစိုးရက ချမှတ်ထားသည့် ဦးတည်ချက်များကို ဖော်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ကဏ္ဍအလိုက်၊ ဒေသအလိုက် ဦးစားပေးအစီအစဉ်များ ချမှတ်ပြီး အသုံးစရိတ်များကို စနစ်တကျစိစစ်သုံးစွဲကြရန် လိုအပ်ကြောင်း။

ကုန်ထုတ်လုပ်ငန်း တိုးမြှင့်ဖော်ဆောင်

"နိုင်ငံတော်ရွေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့" ဆိုသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဆောင်ပုဒ်အတိုင်း လက်တွေ့ကျသည့် ကုန်ထုတ်လုပ်မှုများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ပြီး ကျေးလက်စီးပွားနှင့် နိုင်ငံ့စီးပွားဖြစ်တင်ခြင်း ဖြင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏စီးပွားရေးကို လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် စိုက်ပျိုးမွေးမြူရေးသည် မိမိတို့နိုင်ငံတွင်ရှိသည့် တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် ရန်ပုံငွေများကို ခွဲဝေချထားပေးပြီး နည်းလမ်းမျိုးစုံဖြင့် အားပေးလုပ်ဆောင်လျက်ရှိကြောင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် မလွဲမရှောင်သာသည့် အခြေအနေများကြောင့် မူလရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ဖြစ်ပေါ်လာသည့် ပိုလျှံငွေများကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်မှ နောက်ကျပြီးအပ်နှံခြင်းမပြုဘဲ တတ်နိုင်သမျှ ဆောလျင်စွာပြန်လည်အပ်နှံကြရန် မှာကြားလို၊ သို့မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးတို့ ဆောင်ရွက်ရန် လိုအပ်သည့်ဌာနများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဘဏ္ဍာရေးနှစ်အတွင်း အကျိုးရှိအောင် ပြန်လည်လွှဲပြောင်းသုံးစွဲခွင့်ပြုနိုင်မည်ဖြစ်

စာမျက်နှာ ၆ သို့

စာမျက်နှာ ၅ မှ

ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံခြားစီးပွားမြှင့်တင်ရေးတို့ ဆောင်ရွက်ရန် လိုအပ်သည့်ဌာနများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဘဏ္ဍာရေးနှစ်အတွင်း အကျိုးရှိအောင် ပြန်လည်လွှဲပြောင်း သုံးစွဲခွင့်ပြုနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့် ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်များကို ထပ်မံထောက်ပံ့ပေးရမည့် ထောက်ပံ့ငွေများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ်တွင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က ဆွေးနွေးအတည်ပြုပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညီစောက ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို အဆင့်ဆင့် စိစစ်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ နိုင်ငံဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်လည်မှုကို အထောက်အကူဖြစ်စေရန် လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေးအပြင် ထပ်မံတိုးမြှင့်ထောက်ပံ့ပေးခဲ့မှုအခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေနှင့် လိုငွေအတွက် ပြည်ထောင်စုမှ ထောက်ပံ့ငွေနှင့် အခွန်ဝေစုများ ခွင့်ပြုဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အထွေထွေပိုလျှံရန်ပုံငွေမသုံးစွဲမည့် ကိစ္စရပ်များ၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ မူလခန့်မှန်းခြေငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုရေးနေချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သီတာဦးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေမူကြမ်းနှင့် ၂၀၂၅-၂၀၂၆ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့နှင့်ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပြည်သူလူထုတို့မှ အဆိုပြုတောင်းခံထားသည့် လုပ်ငန်းရပ်များကဏ္ဍတို့တွင် အသုံးပြုနိုင်ရေးအတွက် ဖြည့်စွက်ခွင့်ပြုငွေများကို အသီးသီးတင်ပြကြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးကော်မရှင် ကိစ္စရပ်များဖြစ်သည့် အသေးစိတ်ငွေလုံးငွေရင်းစာရင်းများ၊ သာမန်ငွေစာရင်းများအား အဆင့်ဆင့်စိစစ်ခဲ့မှု၊ နောက်ထပ်ဘဏ္ဍာငွေသုံးစွဲရေး ဥပဒေပြဋ္ဌာန်းနိုင်ရေး စိစစ်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်အမှာစကားပြောကြားရာတွင် ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရန်လိုကြောင်း၊

❑ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအကျပ်အတည်း၊ အခက်အခဲများ၊ ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြုံတွေ့ခဲ့ရမှုများကို ကြံ့ကြံ့ခံ၍ ယနေ့အချိန်အထိ နိုင်ငံတော်ကို ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်၊ ဘဏ္ဍာရေးကော်မရှင်က ခွင့်ပြုပေးမည့် ဘဏ္ဍာငွေသည် ငွေရေးကြေးရေးတန်ဖိုးအရ တန်ဖိုးရှိသည်သာမက အချိန်သည်လည်းတန်ဖိုးရှိ

❑ ဆက်လက်၍လည်း နိုင်ငံတော်အတွက် ကောင်းမွန်သည့်လုပ်ငန်းရပ်များကို ဇော်ဆောင်သွားကြရမည်ဖြစ်ပြီး အချိန်၊ ငွေကြေးနှင့် လုပ်ပိုင်ခွင့်များကို မှန်မှန်ကန်ကန်ဖြင့် အကျိုးရှိအောင် ဆောင်ရွက်သွားကြရန်လို၊ ခွင့်ပြုငွေများကို သတ်မှတ်ထားသည့်အချိန်အတွင်း၌ ထိထိရောက်ရောက်အကျိုးရှိရှိသုံးစွဲပြီး ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ရှုပ်လုံးပေါ်လာရန်လို

ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဘတ်ဂျက်ရငွေများကို အမှန်တကယ်ရရှိအောင်နှင့် သုံးငွေများကို အမှန်တကယ်အကျိုးရှိသည့် နေရာများတွင်သာ အသုံးပြုရန်လိုကြောင်း ပြောကြားသည်။

ဘဏ္ဍာငွေများ စနစ်တကျသုံးစွဲ

ဆက်လက်၍ ဖြည့်စွက်ခွင့်ပြုငွေများတင်ပြတောင်းခံရာတွင် အချိန်တိုကာလအတွင်း အမြန်ဆုံးအကျိုးဖြစ်စေမည့်လုပ်ငန်းများကို တင်ပြတောင်းခံသွားရန်လိုကြောင်း၊ ပို့လျှံရန်ပုံငွေများကို နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသောလုပ်ငန်းများနှင့် ပြည်သူလူထုတို့မှ တောင်းဆိုသည့်နေရာများတွင် အမြန်ဆုံးလုပ်ငန်းဖော်ဆောင်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေများကို အကျိုးရှိရှိဖြင့် စနစ်တကျသုံးစွဲသွားရန်လိုကြောင်း၊ မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေး ဝန်ကြီးဌာနများအနေဖြင့် ကြပ်မတ်စစ်ဆေး ဆောင်ရွက်ကြစေလိုကြောင်း။

ပြည်သူလူထုအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံတော်အတွက်အကျိုးရှိမည့် လုပ်ငန်းရပ်များကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ လာမည့် ဘတ်ဂျက်နှစ်တွင်လည်း အမှန်တကယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းရပ်များအတွက် ဘဏ္ဍာငွေများကို တင်ပြတောင်းခံသွားရန်လိုပြီး သတ်မှတ်ကာလအတွင်း ခွင့်ပြုငွေများကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးချသွားနိုင်ရန်လိုကြောင်း၊ ခွင့်ပြုငွေများကို မှန်မှန်ကန်ကန်ဖြင့် အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက နိုင်ငံတော်အတွက်လည်း အကျိုးရှိစေမည်ဖြစ်ကြောင်း၊ **မိမိတို့၏ အချိန်နှင့်ငွေကြေးများကို အကျိုးရှိစွာ အသုံးချနိုင်မှုမရှိခြင်းသည် နိုင်ငံတော်အတွက် ထိခိုက်နစ်နာစေခြင်းပင်ဖြစ်**ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအကျပ်အတည်း၊ အခက်အခဲများ၊ ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြုံတွေ့ခဲ့ရမှုများကို ကြံ့ကြံ့ခံ၍ ယနေ့အချိန်အထိ နိုင်ငံတော်ကို ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဘဏ္ဍာရေးကော်မရှင်က ခွင့်ပြုပေးမည့် ဘဏ္ဍာငွေသည် ငွေရေးကြေးရေးတန်ဖိုးအရ တန်ဖိုးရှိသည်သာမက အချိန်သည်လည်း တန်ဖိုးရှိကြောင်း၊ ထို့ကြောင့် ဆက်လက်၍လည်း **နိုင်ငံတော်အတွက် ကောင်းမွန်သည့်လုပ်ငန်းရပ်များကို ဇော်ဆောင်သွားကြရမည်ဖြစ်ပြီး အချိန်၊ ငွေကြေးနှင့် လုပ်ပိုင်ခွင့်များကို မှန်မှန်ကန်ကန်ဖြင့် အကျိုးရှိအောင် ဆောင်ရွက်သွားကြရန်**လိုကြောင်း၊ ခွင့်ပြုငွေများကို သတ်မှတ်ထားသည့်အချိန်အတွင်း၌ ထိထိရောက်ရောက် အကျိုးရှိရှိသုံးစွဲပြီး ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ရှုပ်လုံးပေါ်လာရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ် နှင့်အညီ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတော်က အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကနေ ပြည်သူတို့၏ လူမှုစီးပွားဘဝကိုမြှင့်တင်ရေး၊ နိုင်ငံစီးပွားမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် MSME များ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မာစေရန် အမျိုးသားပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် အလေးထားမြှင့်တင်ရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတွင် မန္တလေးလျင်မြန်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ရုံး၊ ကျောင်း၊ ဆေးရုံစသည့် အဆောက်အအုံများ၊ လမ်းများ၊ အိမ်ရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းရမည့် အသုံးစရိတ်များနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် အသုံးစရိတ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းပါ လုပ်ငန်းအချို့ကို အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်မှုမရှိသည့်အတွက် အဆိုပါလုပ်ငန်းများ၏ အသုံးစရိတ်များကို “အထွေထွေပိုလျှံရန်ပုံငွေ”(GRF)သို့ အမြန်အပ်နှံကြရန်လို၊ သို့မှသာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံစီးပွားမြှင့်တင်ရေးတို့ ဆောင်ရွက်ရန်အတွက် ထပ်မံလိုအပ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများကို ပြန်လည်လွှဲပြောင်းသုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်လည်မှုရှိစေရန် လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေးအပြင် ထပ်မံပြီး ကျပ် ၃၀,၀၀၀ ကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှစ၍ ခံစားခွင့်ပြုခဲ့ကြောင်း၊ ထိုကဲ့သို့ တိုးမြှင့်ခံစားခွင့်ပြုလိုက်သည့်အတွက် လိုအပ်လာသည့် အပိုထောက်ပံ့ကြေးများကို ဖြည့်စွက်ခွင့်ပြုငွေတောင်းခဲခြင်းမပြုစေဘဲ မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းဖြစ်စေ၊ “အထွေထွေပိုလျှံရန်ပုံငွေ”(GRF)သို့ အပ်နှံပြီး ပြန်လည်လွှဲပြောင်းသုံးစွဲခြင်းဖြစ်စေ ဆောင်ရွက်ပြီး အသားတင်ထပ်မံလိုငွေများကို ပြည်ထောင်စု၏ “အထွေထွေပိုလျှံရန်ပုံငွေ” (GRF) မှ လွှဲပြောင်းသုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း။

သတိပေးမှာကြားလို

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း၌ ပြီးစီးအောင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် ပို့လျှံငွေအများအပြားပြန်လည်အပ်နှံရမှု မဖြစ်စေရေးကို အထူးဂရုပြုဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ယခုခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လျာထားခွင့်ပြုပေးခဲ့သည့် အသုံးစရိတ်များနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရန် အဆင့်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် သုံးစွဲမှုများကိုလည်း စနစ်တကျစာရင်းစစ်ဆေးမှုခံယူနိုင်ကြရန်ကိုလည်း သတိပေးမှာကြားလိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်များ၊ ဆောင်ပုဒ်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် လုပ်ငန်းအသုံးစရိတ်များကို စနစ်တကျ ခွဲခြားသုံးသပ်ပြီး အကျိုးရှိရှိ ထိထိရောက်ရောက်သုံးစွဲကြရန်နှင့် လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတွင် မန္တလေးလျင်မြန်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ရုံး၊ ကျောင်း၊ ဆေးရုံစသည့် အဆောက်အအုံများ၊ လမ်းများ၊ အိမ်ရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းရမည့် အသုံးစရိတ်များနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် အသုံးစရိတ်များကို အဓိကထားခွင့်ပြုပေးခဲ့ပြီးဖြစ်၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းပါ လုပ်ငန်းအချို့ကို အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်မှုမရှိသည့်အတွက် အဆိုပါလုပ်ငန်းများ၏ အသုံးစရိတ်များကို “အထွေထွေပိုလျှံရန်ပုံငွေ”(GRF)သို့ အမြန်အပ်နှံကြရန်လို၊ သို့မှသာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံစီးပွားမြှင့်တင်ရေးတို့ ဆောင်ရွက်ရန်အတွက် ထပ်မံလိုအပ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများကို ပြန်လည်လွှဲပြောင်းသုံးစွဲခွင့်ပြုသွားမည်ဖြစ်

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ရက် ၆၀ သာ လိုတော့သည်။

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျ ကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

တတိယအကြိမ် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မဲ့စ်နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် အောက်တိုဘာ ၂၈

ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇန်ကော့ဗ်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ မဲ့စ်မြို့၌ အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိသည့် တတိယအကြိမ် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မဲ့စ်နိုင်ငံတကာ အဆင့်မြင့်ညီလာခံသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မဲ့စ်နိုင်ငံတကာ အဆင့်မြင့်ညီလာခံသို့ မြန်မာ၊ ဟန်ဂေရီ၊ ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ဥဇဘက်ကစ္စတန်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ကမ္ဘောဒီးယား၊ တာဂျစ်ကစ္စတန်၊ အီရန်၊ ကိရိုးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်နှင့် နိုင်ငံတကာအဖွဲ့အစည်း(၇) ခုတို့မှ ဝန်ကြီးများ၊ သံတမန်များနှင့် နိုင်ငံတကာ သုတေသီများ တက်ရောက်ခဲ့ကြသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားတွင် ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့် ညီလာခံသို့ တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် Collective Security Treaty Organization (CSTO)၊ Shanghai Cooperation Organization (SCO)၊ Conference on Interaction and Confidence – Building Measures in Asia (CICA) နှင့် Commonwealth on Independence States (CIS) အဖွဲ့အစည်းများမှ အတွင်းရေးမှူးချုပ်များနှင့် ကိုယ်စားလှယ်များက မိန့်ခွန်းပြောကြားကြသည်။

ဘယ်လာရုစ်နိုင်ငံ သမ္မတကပြောကြားရာတွင် တတိယအကြိမ် ယူရေးရှားဒေသ လုံခြုံရေးဆိုင်ရာ မဲ့စ်နိုင်ငံတကာ အဆင့်မြင့်ညီလာခံမှာ တစ်နှစ်ထက် တစ်နှစ် ပိုမိုထင်ပေါ်ကျော်ကြားလာပြီး နှစ်စဉ် နိုင်ငံတကာအစီအစဉ်များတွင် နေရာယူထားလျက်ရှိပါကြောင်း၊ မတူကွဲပြားသည့် လုံခြုံရေးမူဝါဒကိုလျစ်လျူရှုခြင်းမှာ အမှားတစ်ရပ်ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင်ပဋိပက္ခများ မလျော့ပါးသွားခြင်း အဓိကအကြောင်းရင်းမှာ မတူကွဲပြားသည့် လုံခြုံရေးမူဝါဒကို စဉ်ဆက်မပြတ် လျစ်လျူရှုထားခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးကို အခြားနိုင်ငံ တစ်နိုင်ငံ၏ အခြေအနေကို အသုံးချလျက် တည်ဆောက်ခြင်းမှာ အမှားတစ်ရပ်ဖြစ်သည်ဆိုသည့် အချက်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ(အပေါ်ယာဝုံ)က ပြောကြားရာတွင် ကမ္ဘာကြီးသည် နိုင်ငံစုံဗဟုဝင်ရိုးပုံစံသို့ ပြောင်းလဲလျက်ရှိပြီး အာရှ အာဖရိက၊ ယူရေးရှား ဒေသမှ နိုင်ငံများက ကမ္ဘာ့အစီအစဉ်ကို ပိုမိုတက်ကြွစွာ ပုံဖော်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထိုကဲ့သို့ပြောင်းလဲပုံဖော်မှုများသည် အပြန်အလှန် လေးစားပြီး သာတူညီမျှမှုကိုအခြေခံသည့် ရေရှည် တည်တံ့သော ကမ္ဘာ့စနစ်ကို တည်ဆောက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်တို့အတွက် အခွင့်အလမ်း ကောင်းအဖြစ် ရှုမြင်ပါကြောင်း၊ ယခုကမ္ဘာ့ပုံစံသစ်မှာ မြန်မာနိုင်ငံခြားရေးမူဝါဒဖြစ်သည့် လွတ်လပ်၍ တက်ကြွပြီး၊ ဘက်မလိုက်သောမူဝါဒ၊ အပြန်အလှန် လေးစားမှုနှင့် ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်နှင့်ကိုက်ညီပါကြောင်း၊ အချုပ်ချုပ်အပြန်အလှန်မှီခိုတည်မှီနေသည့် ကမ္ဘာပေါ်တွင် လုံခြုံရေးကိစ္စရပ်သည်လည်း နိုင်ငံများ၏ နယ်နိမိတ်ကို ကျော်လွန်ဖြစ်ပေါ်နေသည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ လက်ရှိ ဂလိုဘယ်လိုက်ဇေးရှင်းဧတော်၌ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် စိန်ခေါ်မှုများသည် သမားရိုးကျ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအပြင် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများလည်း ပေါ်ပေါက်လာနေကြောင်း၊ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများသည်လည်း သမားရိုးကျကဲ့သို့ပင် အရေးကြီးလာပါကြောင်း၊ နယ်စပ်ဖြတ်ကျော်အကြမ်းဖက်မှုများ၏ အရင်းခံသည် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများမှ ဆင်းသက်လာသည်ကို တွေ့မြင်နိုင်ပါကြောင်း။

ရွှေတြိဂံဒေသရှိ တရားမဝင် မူးယစ်ဆေးဝါးလုပ်ငန်းများသည် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်း တစ်ခုလုံး ရင်ဆိုင်နေရသည့် အဓိကစိန်ခေါ်မှုများမှ တစ်ရပ်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလ အတွင်း နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများက ထိန်းချုပ် ဆောင်ရွက်နေသည့် အွန်လိုင်းလိမ်လည်မှုများသည် တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်ထား သည့် နယ်စပ်ဒေသများသို့ ရောက်ရှိလာပါကြောင်း၊ အွန်လိုင်း လိမ်လည်မှုလုပ်ဆောင်သည့် ကွန်ရက်ကို တိုက်ဖျက်ရန် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအစိုးရအနေဖြင့် (၂)နှစ်အတွင်း အွန်လိုင်းလိမ်လည်မှုတွင်ပါဝင်ခဲ့သည့် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံခြားသား ၆၇၈၅ ဦးအား ထိန်းသိမ်းခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ အခြေအနေတွင် မဲ့စ်နိုင်ငံတကာ အဆင့်မြင့်ညီလာခံသည် ယူရေးရှား ဒေသများမှ နိုင်ငံများအကြား ယုံကြည်မှုတည်ဆောက် ရန်နှင့် ဆွေးနွေးတိုင်ပင်ရန်တို့အတွက် တန်ဖိုးမဖြတ် နိုင်သည့် ဆွေးနွေးပွဲစင်္ကြံတစ်ခုဖြစ်ပါကြောင်း၊ မြန်မာ နိုင်ငံအနေဖြင့် မတူကွဲပြားမှုနှင့် နိုင်ငံစုံဗဟုဝင်ရိုး ဆိုင်ရာ ယူရေးရှားပဋိညာဉ်နှင့်ပတ်သက်သည့် အတွေး အခေါ်ကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယူရေးရှားစီးပွားရေးဖိုရမ်နှင့် မဲ့စ် နိုင်ငံတကာ အဆင့်မြင့်ညီလာခံတို့သို့ ပါဝင်တက်ရောက်ခဲ့ပါ ကြောင်း၊ ထိုသို့ပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် အပြန်အလှန်နားလည်မှုတည်ဆောက်ရေး၊ ဒေသ တွင်းတည်ငြိမ်မှုရရှိစေရေး၊ ယူရေးရှားဒေသတစ်ခွင် ငြိမ်းချမ်းသာယာဝပြောရေးတို့အတွက် ပူးပေါင်း ဆောင်ရွက်ရာတွင် အကျိုးပြုနိုင်ရန် ရည်ရွယ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ်၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း၊ အာဆီယံ၊ ဘင်္ဂလားဒေ့ရှ်-အင်္ဂြိုးဒေသတွင်း အဖွဲ့အစည်းများ မှတစ်ဆင့် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအခြေအနေနှင့် ကိုက်ညီသည့် ရည်မှန်းချက် များကို အကောင်အထည်ဖော်လျက်ရှိပြီး ဒီဇင်ဘာလ ၂၈ ရက်တွင် အထွေထွေရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်လျက်ရှိပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခ များကိုလည်း ဆွေးနွေးမှုများနှင့် ညှိနှိုင်းမှုများမှ တစ်ဆင့် ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဆက်လက် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာ နိုင်ငံအနေဖြင့် ယူရေးရှားဒေသ ရေရှည်ပွဲဖြိုးတိုးတက် ရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ပံ့ပိုးသွားရန် အဆင်သင့်ရှိပါကြောင်း ပြောကြားသည်။

ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မဲ့စ်နိုင်ငံ တကာအဆင့်မြင့်ညီလာခံကို ၂၀၂၃ ခုနှစ်တွင် စတင် ကျင်းပခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ဒုတိယအကြိမ်နှင့် ယခု နှစ်တွင် “Global (Dis)Order and the Eurasian Security Puzzle” Theme ဖြင့် တတိယအကြိမ် ကျင်းပခြင်းဖြစ်သည်။

ထို့ပြင် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မဲ့စ် နိုင်ငံတကာအဆင့်မြင့်ညီလာခံသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးနိုင်သော အပြည်ပြည်ဆိုင်ရာ စင်္ကြံများအနက် တစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၂ / ၂၀၂၅) ဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အသီးသီးတို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၂ / ၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ်ဆင်ဖြူရုံခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိကတာဝန်သည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပပေးရန်ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်၌ ရွေးကောက်ပွဲအပိုင်း (၁)ကို မြို့နယ် ၁၀၂ မြို့နယ်တွင် စတင် ကျင်းပမည်ဖြစ်ပြီး ယခု ကျင်းပမည့် ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် မဲအများဆုံးရသူအနိုင်ရသည့် FPTP စနစ်အပြင် FPTP စနစ်၏အားသာချက် နှင့် PR စနစ်၏ ကောင်းကျိုးများကို ပေါင်းစပ်ထားသည့် ရောနောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP)ကိုပါ အသုံးပြုသွားမည်ဖြစ်ကြောင်း။

ကြိုတင်မဲများမှလွဲပြီး ရွေးကောက်ပွဲနေ့ မဲရုံများ၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များဖြင့် တစ်နိုင်ငံလုံးရှိ မဲရုံအားလုံးတွင် လွတ်တော်အသီးသီး အတွက် လွယ်ကူရိုးရှင်းစွာ မဲပေးရမည်ဖြစ်ကြောင်း၊ MEVM စက်များဖြင့် အများပြည်သူရေမှော်က်၌ ပွင့်လင်းမြင်သာစွာ မဲပေးဆောင်ရွက်ခြင်းဖြင့် မဲသမားမှုများ မဖြစ်နိုင်သည့်အပြင် မဲရလဒ်များကိုလည်း အချိန်တိုအတွင်း တိကျမှန်ကန်စွာ ထုတ်ပြန်နိုင်မည်ဖြစ်ကြောင်း၊ ပယ်မဲများ မရှိသဖြင့် မဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်လောင်းများအတွက် များစွာအကျိုးသက်ရောက်မှုရှိကြောင်း၊ MEVM မဲပေးစက်မှာ မြန်မာစံချိန်စံညွှန်းဖြစ်သော MMS 63:2025 မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ စံချိန်စံညွှန်းနှင့်အညီ ကိုက်ညီစစ်ဆေးပြီးဖြစ်၍ အရည်အသွေးကိုက်ညီမှုထောက်ခံချက် (Certificate of Conformity – CoC) နှင့် မြန်မာစံချိန်စံညွှန်းအမှတ်တံဆိပ် (MMS Standard Mark) အသုံးပြုခွင့်လိုင်စင်ရရှိထားပြီး ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲပေးစက်နှင့် စပ်လျဉ်း၍ ရပ်ကွက်/ကျေးရွာအဆင့်အထိ မဲဆန္ဒရှင်ပြည်သူများသို့ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးစေခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါကြောင်း။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်အတွက် မဲစာရင်းများ ကပ်ထားကြေညာချိန်တွင် သွားရောက်ကြည့်ရှု၍ မဲစာရင်းတွင် မပါဝင်ပါက တောင်းဆိုခြင်း၊ မပါသင့်သူများပါဝင်နေပါက ကန့်ကွက်ခြင်း၊ အချက်အလက်များ မှားယွင်းနေပါက ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒုတိယအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်းမပြုမီ သက်ဆိုင်ရာ ဌာနများ၊ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပူးပေါင်း၍ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိဝင်ဘာလတွင် ဒုတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာပေးမည် ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် လာရောက်ကြည့်ရှု၍ ပြင်ဆင်ဖြည့်စွက်ခြင်းများကို ဆောင်ရွက်နိုင်ပါကြောင်း၊ နောက်ဆုံးအကြိမ်အနေဖြင့် ဒီဇင်ဘာလအတွင်း ကပ်ထား ကြေညာပေးမည်ဖြစ်ပြီး ရွေးကောက်ပွဲအတွက် အတည်ပြု မဲစာရင်းရရှိမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပမှ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများ၊ ယာယီနေရပ်စွန့်ခွာနေရသည့် မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ စနစ်တကျ ကြိုတင်မဲပေးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၆ ပါတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီ ၅၁ ပါတီ၊ စုစုပေါင်း ၅၇ ပါတီ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တစ်သီးပုဂ္ဂလနှင့် နိုင်ငံရေးပါတီများမှ လွတ်တော်/ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ ခွဲပြုပေးထားပါကြောင်း။

ယခုဆိုလျှင် ရွေးကောက်ပွဲအပိုင်း (၁) စတင်ကျင်းပရန် ၆၁ ရက်သာ လိုတော့ပြီး ရွေးကောက်ပွဲနီးလာသည်နှင့် အမျှ ရွေးကောက်ပွဲလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ သင်တန်းသားများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန် ယခုကဲ့သို့ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည့်အတွက် အလေးအနက်ထား သင်ယူမှတ်သားကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာ ၂၈ ရက်မှ နိဝင်ဘာ ၇ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်းလိုက်နေ့ရက်များတွင် ပြည်တွင်းနှင့်နိုင်ငံတကာ သတင်းမီဒီယာများ သတင်းရယူခွင့်ရှိကြောင်း အသိပေးကြေညာခြင်း

၁။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို သတင်းရယူလိုသည့် သတင်းမီဒီယာများအနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်များနှင့်အညီ လွတ်လပ်စွာ သတင်းရယူခွင့်ရှိပါသည်။

၂။ သတင်းရယူလိုသည့် ပြည်တွင်းမီဒီယာများကို အထွေထွေရွေးကောက်ပွဲကျင်းပမည့် ခရိုင်တစ်ခုချင်းစီအတွင်းရှိ သက်ဆိုင်ရာမြို့နယ်များတွင် မီဒီယာတစ်ခုလျှင် (၄) ဦးနှုန်းဖြင့် သတင်းရယူခွင့် ပြုသွားမည် ဖြစ်ပါသည်။

၃။ သတင်းမီဒီယာသမားများသည် ရွေးကောက်ပွဲနေ့သတင်းရယူခွင့် သက်သေခံကတ်ပြားများ လျှောက်ထားရာတွင် -

(က) ပြည်တွင်းသတင်းမီဒီယာသမားများသည် မိမိကိုယ်စားပြုသည့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်းမှ ရွေးကောက်ပွဲသတင်းရယူရန် တာဝန်ပေးစေလွှတ်ထားသူ ဖြစ်ကြောင်း အထောက်အထားစာကိုတင်ပြ၍ သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံတွင် လျှောက်ထားရမည်၊

(ခ) ပြည်တွင်းပုဂ္ဂလိက သတင်းမီဒီယာသမားများသည် ကိုယ်တိုင်ရေးလျှောက်လွှာတွင် မိမိနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်း၏ ထောက်ခံချက်စာကိုတင်ပြ၍ သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်။ ခရိုင်တစ်ခုထက်ပို၍ သတင်းရယူလိုပါက သတင်းရယူလိုသည့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံတွင် ထပ်မံလျှောက်ထားရမည်၊

(ဂ) နိုင်ငံတကာသတင်းမီဒီယာများသည် ပြန်ကြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည် ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက စိစစ်ထောက်ခံပေးသည့် နိုင်ငံတကာသတင်းမီဒီယာအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကိုသာ ခွင့်ပြု၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၄။ သတင်းမီဒီယာသမားများသည် အပိုင်းလိုက်ကျင်းပမည့် ရွေးကောက်ပွဲနေ့ရက်များအတွက် သတင်းရယူခွင့် သက်သေခံကတ်ပြားများ လျှောက်ထားခြင်းကို ၁၂-၁၂-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

◆ *ကျောပုံးမှ*

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက သီပေါမြို့ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းအပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ဒေသခံတိုင်းရင်းသား ပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၄၆ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာသုံးဦးတို့အား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ တပ်မတော် မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောပုံးမှ*

ဒုတိယပိုင်းတွင် ဘက်တစ်အသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို တစ်ဖက်သတ် ဖိအားပေးတိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ သို့သော်လည်း ဘက်တစ်အသင်း၏ထိုးဖောက်တိုက်စစ်ဆင်မှုများကို အက်သလက်တီကိုမက်ဒရစ်အသင်း ခံစစ်နှင့် ဂိုးသမား အော့ဘလက်တို့ အကောင်းဆုံးဟန့်တားကာကွယ်နိုင်ခဲ့သည်။ အက်သလက်တီကိုမက်ဒရစ်အသင်း ဂိုးသမား အော့ဘလက်သည် ဘက်တစ်အသင်း၏ ဂိုးရရှိနိုင်သည့် အပိုင်အခွင့်အရေး များစွာကို လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဒုတိယပိုင်းတွင် ဘက်တစ်အသင်း၏ထိုးဖောက်တိုက်စစ်ဆင်မှုများကိုသာ ခုခံကာကွယ်ခဲ့ရပြီး ပြိုင်ဘက်အသင်း ဘက်သို့ ဂိုးပေါက်ကန်သွင်းမှု တစ်ကြိမ်မျှပင် လုပ်ဆောင်နိုင်ခဲ့ခြင်း မရှိပေ။ သို့သော်လည်း ပထမပိုင်း အနိုင်ရလဒ်ကို ထိန်းထားနိုင်ခဲ့ပြီး အရေးပါသည့် ဂိုးပြတ်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် လာလီဂါပွဲစဉ်(၁၀) အပြီး တွင် ငါးပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယား အဆင့် (၄) နေရာ တက်လှမ်းနိုင်ခဲ့သည်။ ပြိုင်ဘက် ဘက်တစ်အသင်းက လေးပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ဖြင့် အဆင့်(၆)တွင် ရပ်တည်နေသည်။

အောင်ဇော်

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကျင်းပမည့်နေ့ရက်နှင့် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၄၁ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကျင်းပမည့်နေ့ရက်နှင့် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) တွင် ပါဝင်သည့် မြို့နယ် (၁၀၅) မြို့နယ်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် သတ်မှတ် ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကို ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ပြီး ပါဝင်သည့် မြို့နယ် (၁၀၀)မြို့နယ်အား တိုင်းဒေသကြီး/ပြည်နယ်အလိုက်ပူးတွဲပါဇယားအတိုင်း သတ်မှတ်ကြေညာလိုက်သည်။

ပူးတွဲ။ အပိုင်း (၂) တွင်ပါဝင်သည့် မြို့နယ်များစာရင်း

(ပုံ) သန်းစိုး
ဒုတ္ထဒ္ဒ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) တွင်ပါဝင်သည့် မြို့နယ်များစာရင်း

ပူးတွဲ

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ပါဝင်သည့် မြို့နယ်များ	မှတ်ချက်
၁	ကချင်	၁။ မချမ်းဘော	
		၂။ မိုးကောင်း	
		၃။ ပိုင်းမော်	
၂	ကယား	၁။ ဒီးမော့ဆို	
		၂။ ဖရူဆို	
၃	ကရင်	၁။ ဖာပွန်	
		၂။ လှိုင်းဘွဲ့	
၄	စစ်ကိုင်း	၁။ ကလေးဝ	
		၂။ မင်းကင်း	
		၃။ ဝန်းသို	
		၄။ ကျွန်းလှ	
		၅။ မြင်းမူ	
		၆။ ချောင်းဦး	
		၇။ ဘုတလင်	
		၈။ အရာတော်	
		၉။ ဖောင်းပြင်	
		၁၀။ မော်လိုက်	
		၁၁။ ရေဦး	
၅	တနင်္သာရီ	၁။ ရေဖြူ	
		၂။ ကျွန်းစု	
		၃။ တနင်္သာရီ	
၆	ပဲခူး	၁။ ဒိုက်ဦး	
		၂။ ရွှေကျင်	
		၃။ ထန်းတပင်	
		၄။ ရေတာရှည်	
		၅။ ဇီးကုန်း	
		၆။ ပေါင်းတည်	
		၇။ ကဝ	
		၈။ သနပ်ပင်	
		၉။ ပေါက်ခေါင်း	
		၁၀။ ပန်းတောင်း	
		၁၁။ မိုးညို	
		၁၂။ မင်းလှ	
၇	မကွေး	၁။ ဂန့်ဂေါ	
		၂။ ဆိပ်ဖြူ	
		၃။ နတ်မောက်	
		၄။ မြို့သစ်	
		၅။ ငဖဲ	
		၆။ စလင်း	
		၇။ စေတုတ္တရာ	
		၈။ ကံမ	
		၉။ မင်းတုန်း	
		၁၀။ မင်းလှ	
		၁၁။ ဆင်ပေါင်ဝဲ	
၈	မန္တလေး	၁။ စဉ့်ကိုင်	
		၂။ ကျောက်ပန်းတောင်း	
		၃။ တံတားဦး	
		၄။ ပြည်ကြီးတံခွန်	
		၅။ မဟာအောင်မြေ	
		၆။ ဝမ်းတွင်း	
		၇။ သာစည်	
		၈။ အမရပူရ	
		၉။ မတ္တရာ	
၉	မွန်	၁။ ဘီးလင်း	
		၂။ မုဒုံ	
		၃။ သံဖြူဇရပ်	
		၄။ ရေး	
		၅။ ပေါင်	
၁၀	ရန်ကုန်	၁။ ဗဟန်း	
		၂။ ပန်းဘဲတန်း	
		၃။ လသာ	
		၄။ ကော့မှူး	
		၅။ ကွမ်းခြံကုန်း	
		၆။ ဒဂုံမြို့သစ် (မြောက်ပိုင်း)	
		၇။ ဒေါပုံ	
		၈။ ပုဇွန်တောင်	
		၉။ လှိုင်	
		၁၀။ ရွှေပြည်သာ	
		၁၁။ ထန်းတပင်	
		၁၂။ လှည်းကူး	
		၁၃။ တောင်ဥက္ကလာပ	
		၁၄။ ကိုကိုးကျွန်း	
		၁၅။ ကြည့်မြင်တိုင်	
		၁၆။ အင်းစိန်	
၁၁	ရှမ်း	၁။ ရွာငံ	
		၂။ ဆီဆိုင်	
		၃။ ကလော	
		၄။ မိုင်းခတ်	
		၅။ မိုင်းပျဉ်း	
		၆။ မိုင်းဖြတ်	
		၇။ ရပ်စောက်	
		၈။ တန့်ယန်း	
		၉။ မိုင်းရယ်	
		၁၀။ ကွန်ဟိန်း	
		၁၁။ မိုင်းတုံ	
		၁၂။ မိုင်းယောင်း	
		၁၃။ မိုင်းယန်း	
		၁၄။ မိုင်းပန်	
		၁၅။ မောက်မယ်	
		၁၆။ မိုင်းကိုင်	
		၁၇။ လဲချား	
၁၂	ဧရာဝတီ	၁။ ကျောင်းကုန်း	
		၂။ ကန်ကြီးထောင့်	
		၃။ သာပေါင်း	
		၄။ ကျိုက်လတ်	
		၅။ ဗျာပုံ	
		၆။ ဘိုကလေး	
		၇။ ပန်းတနော်	
		၈။ ဝါးခယ်မ	
		၉။ အိမ်မဲ	

မဟာအောင်မြေမြို့နယ်၌ ကိုင်ဆောင်လက်မှတ် ပျောက်ဆုံး/ပျက်စီးသူများအား ကွင်းဆင်းဆောင်ရွက်

မန္တလေး အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်းရှိ စိန်ပန်းရပ်ကွက်နှင့် သံလျှက်မှော်အနောက်ရပ်ကွက်သို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများအနေဖြင့် (၁၈)နှစ်အထက် ကိုင်ဆောင်လက်မှတ်မရှိသူ လေးဦးနှင့် (၁၈)နှစ်အထက် ကိုင်ဆောင်လက်မှတ် ပျောက်ဆုံး/ပျက်စီးသူ ၂၈၅ ဦး စုစုပေါင်း ၂၈၉ ဦးအား မိတ္ထူထုတ်ပေး ခြင်းကို အောက်တိုဘာ ၂၈ ရက်က ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးနေမှုအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်၊ ခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်နှင့်အဖွဲ့ လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်ဇော်မင်း**

နျူကလီးယားဓာတ်ပေါင်းဖို၊ နျူကလီးယားပြိုကွဲခြင်းနှင့် နျူကလီးယားပေါင်းခြင်းအကြောင်း

ဒေါက်တာသန့်စင်(ရူပဗေဒ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်အတွင်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်က မော်စကိုမြို့ Atom Museum ၌ ကျင်းပသည့် ကမ္ဘာ့အဏုမြူသိတင်းပတ်ဖိုရမ် ၂၀၂၅ (World Atomic Week Forum 2025)သို့ တက်ရောက်ကာ "နည်းပညာသစ်မွေးဖွားခြင်းမှ ကမ္ဘာသစ်အပြင်ဆီသို့ (From a New Technological Rollout to a New Worldview)" ခေါင်းစဉ်ဖြင့်ပြုလုပ်သော မျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ပါသည်။

ထိုဆွေးနွေးပွဲတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာ၌ ပါဝင်သည့် အချက်များမှာ ယခုလက်ရှိတွင် ကမ္ဘာ့စွမ်းအင်လိုအပ်ချက်၏ ၉ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်မှ ရယူလျက်ရှိပြီး World Net – Zero Carbon Emission အရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များနှင့် နျူကလီးယားစွမ်းအင်ကို ပူးတွဲအသုံးပြုရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်းနှင့် မြန်မာနိုင်ငံသည် နျူကလီးယားစွမ်းအင်အသုံးပြုနိုင်ရေးအတွက် ၂၀၂၂ ခုနှစ်မှစ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း(ROSATOM)နှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး နျူကလီးယားစွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ခဲ့ခြင်းသည် နျူကလီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ် စတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်ကို နိုင်ငံပိုင် သတင်းစာများတွင် လေ့လာဖတ်ရှုခဲ့ရပါသည်။

စာရေးသူသည် ၁၉၇၇ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ရူပဗေဒအဓိက ဘာသာရပ်ကို "(၅)ဘာသာဂုဏ်ထူးအထူးအောင်"ဖြင့် အောင်မြင်ပြီး မဟာသိပ္ပံဆက်လက်တက်ရောက်ခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ် မဟာသိပ္ပံကျမ်းပြုနေစဉ် တက္ကသိုလ်ဆရာ ဆရာမများခေါ်ယူသဖြင့် လျှောက်ထားဖြေဆိုခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလတွင် စစ်တက္ကသိုလ်ရူပဗေဒဌာနသို့ သရုပ်ပြဆရာအဖြစ် စတင်ခန့်ထားသောကြောင့် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်(D. S. A)တွင် ခြောက်နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် တက္ကသိုလ်အသီးသီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ရူပဗေဒပါမောက္ခ(ဌာနမှူး)၊ ထို့နောက် ပညာရေးသုတေသနဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (N. E .S. P)တွင် Task Manager တာဝန်များယူ၍ ၂၀၁၇ ခုနှစ်တွင် သက်ပြည့်အပြိမ်းစားယူခဲ့ပါသည်။

ရူပဗေဒနောက်ဆုံးနှစ်တွင် နျူကလီးယားရူပဗေဒ (Nuclear Physics)ကို မန္တလေးတက္ကသိုလ်၌ ရူပဗေဒဆရာမ ဒေါ်ရီရီမြ (ကထိက)က သင်ကြားပေးခဲ့ပြီး မဟာသိပ္ပံတန်းတွင် ဆရာကြီး ဦးကြီးမြင့်၊ ဆရာမကြီး ဒေါက်တာဒေါစုစုတို့အပြင် တစ်ခါတစ်ရံ ထိုစဉ်က ပါမောက္ခချုပ်ဆရာကြီး ဦးကျော်မြင့် အိမ်သို့ သွားရောက်လည်ပတ်တိုင်း ဆရာကြီးက နျူကလီးယားရူပဗေဒအကြောင်း ဗဟုသုတ ပြောကြားလေ့ရှိပါသည်။ရူပဗေဒဌာနရှိနျူကလီးယားလက်တွေ့ပစ္စည်းများဖြစ်သော နျူကလီးယားရေဒီယိုသတ္တိကြွပစ္စည်းတိုင်းကိရိယာ (Nuclear Counter)များကို ဆရာဦးခင်မောင်ကျော် (ရူပဗေဒသရုပ်ပြ)နောင်တွင် ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ်တို့က သင်ကြားပေးခဲ့ပါသည်။

၁၉၈၀ ပြည့်နှစ်မဟာသိပ္ပံကျမ်းတင်သွင်းရာတွင် ပြင်ပစာစစ်အဖြစ် စစ်တက္ကသိုလ်မှ ရူပဗေဒပါမောက္ခဌာနမှူး(ဗြိမ်း) ဆရာကြီး ဦးသိန်းဦးဖိုးစော (နိုင်ငံခြားတွင် နျူကလီးယား ရီအက်တာကို လေ့လာခဲ့သူ)က ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ကြောင့် ရူပဗေဒဘာသာရပ်တွင် ပါဝင်သော နျူကလီးယားရူပဗေဒကို စိတ်ဝင်စားခဲ့ရာ တက္ကသိုလ်ဆရာဘဝတွင် ၃၅ နှစ်ခန့် နျူကလီးယားရူပဗေဒဘာသာရပ်ကို သင်ကြားပို့ချပေးခဲ့ပါသည်။

နျူကလီးယား စွမ်းအင်ထုတ်လုပ်ရာတွင် ယူရေနီယမ်အိုင်ဆိုတုပ် (Uranium Isotope) ယူရေနီယမ် – ၂၃၈ (U – 238)နှင့် ယူရေနီယမ် – ၂၃၅ (U – 235)တို့ကို အဓိကထားအသုံးပြုရပါသည်။ ယူရေနီယမ် – ၂၃၅ အက်တမ်တစ်ခု၏ နျူကလီးယပ် (Nucleus)တွင် ပရိတွန်(Proton) ၉၂ လုံးနှင့် နျူထရွန် (Neutron) ၁၄၃ လုံး ပါဝင်ကာ စုစုပေါင်း နျူကလီယွန် (Nucleon) ၂၃၅ လုံး ပါဝင်သောကြောင့် U – 235 ဟု ခေါ်ကြပါသည်။ ယူရေနီယမ်ဒြပ်စင်သည် ပရိတွန်ကြွယ်ဝပြီး သဘာဝအရဖြစ်ပေါ်သည့် ဒြပ်စင်များတွင် နျူကလီးယားစွမ်းအင်ကို အစပျိုးရန်နှင့် ထိန်းချုပ်နိုင်ရန် လွယ်ကူသောကြောင့် နျူကလီးယား ဓာတ်ပေါင်းဖို (Nuclear Reactor) များတွင် နျူကလီးယားလောင်စာတောင့်အဖြစ် အများဆုံး အသုံးပြုကြပါသည်။ ယူရေနီယမ်ဒြပ်စင်ကို ၁၇၈၉ ခုနှစ်တွင် ဂျာမန်ဓာတုဗေဒပညာရှင် Martin Klaproth က စတင်တွေ့ရှိခဲ့ပါသည်။

ကမ္ဘာ့ ပထမဆုံးနျူကလီးယားဓာတ်အားပေးစက်ရုံကို ရုရှားနိုင်ငံက ၁၉၅၂ ခုနှစ် ဇွန်လတွင် တည်ဆောက်ခဲ့ပါသည်။ ထိုစက်ရုံသည် Peaceful Atom – 1 (A M – 1) အမည်ဖြင့် နျူကလီးယားဓာတ်အားပေးစက်ရုံဖြစ်လာခဲ့ပြီး လျှပ်စစ်ဓာတ်အား ၆ မဂ္ဂါဝပ် စတင်ထုတ်လုပ်ခဲ့ပါသည်။

၁၉၅၄ ခုနှစ်တွင် ဖြိတ်နှိုင်ငံက မဂ္ဂါဝပ် ၅၀ ထုတ်လုပ်နိုင်သည့် နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဆက်လက်တည်ဆောက်နိုင်ခဲ့ပါသည်။ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခုတွင် အဓိကပါဝင်သည့် အစိတ်အပိုင်းများမှာ (၁) နျူကလီးယားလောင်စာတောင့် Nuclear Fuel များဖြစ်သည့် သန့်စင်ထားသော ယူရေနီယမ် U – 235 နှင့် ပလူတိုနီယမ် P – 239 ပစ္စည်းများ၊ (၂) လောင်စာတောင့်များကို ဝင်ရောက်တိုက်ခိုက်ရာတွင် ပါဝင်သည့် နျူထရွန်များ (Neutrons)သည် စွမ်းအင်မြင့် အမြန် နျူထရွန်များ (Fast neutrons) ဖြစ်သဖြင့် ထို နျူထရွန်များကို အနှေးနျူထရွန်များ (Slow Neutrons)ဖြစ်ရန် ထိန်းချုပ်ပြောင်းပေးသည့် Moderators ဟုခေါ်သည့် ဂရပ်ဖိုက် (Graphite)၊ ရေ (သို့) ရေလေး(heavy water)ပစ္စည်း၊ (၃) ဓာတ်ပေါင်းဖို အအေးပေးခြင်းစနစ်တွင် သုံးသည့် Coolant ပစ္စည်းများဖြစ်သည့် ရေ၊ ကာဗွန်ဒိုင်အောက်ဆိုက်ပစ္စည်းများ၊ (၄) နျူကလီးယားဓာတ်ပေါင်းဖိုကို လည်ပတ်ရာတွင် လိုအပ်သလို ထိန်းချုပ်နိုင်ရန် အသုံးပြုသည့် ပစ္စည်း Control Rods များဖြစ်သည့် ဘိုရွန် (Boron) ကက်ဒမီယမ် (Cadmium) ပစ္စည်းများ၊ (၅)အထက်ဖော်ပြပါပစ္စည်းများ ပါဝင်ထည့်သွင်းထားသည့် ဓာတ်ပေါင်းဖိုအိုး Reactor vessel၊ (၆) ဓာတ်ပေါင်းဖိုမှ ထုတ်လွှတ်သည့် ရေဒီယိုသတ္တိကြွပစ္စည်းများကို တားဆီးကာကွယ်ရန်နှင့် ဓာတ်ပေါင်းဖို ရုတ်တရက် ပေါက်ကွဲခြင်း၊ မြေလျင်လှုပ်ခြင်းတို့မှ ကာကွယ်ရန် ဒိုဇိုင်းထုတ် ကာကွယ်ထားသည့် Shielding တို့ ပါဝင်ပါသည်။ ထိုနျူကလီးယားဓာတ်ပေါင်းဖိမှ ထွက်ရှိလာသည့် အပူစွမ်းအင်ကို အသုံးပြုကာ ရေနွေးငွေ့တာဘိုင်များကို လည်ပတ်စေပြီး တည်ငြိမ်လျှပ်စစ်ထုတ်ယူပေးခြင်းဖြစ်ပါသည်။

နျူကလီးယားပြိုကွဲခြင်း (Nuclear Fission) ဆိုသည်မှာ နျူထရွန်တစ်လုံးသည် ပရိတွန်ကြွယ်ဝသည့် ယူရေနီယမ်ဒြပ်စင်တစ်ခုကို ဝင်ရောက်တိုက်ခိုက်ရာ ယင်းယူရေနီယမ်ဒြပ်စင်သည် နျူထရွန်တစ်လုံးကို ဖမ်းယူပြီး သေးငယ်သော ဒြပ်စင်နှစ်ခုဖြစ်သည့် ခရစ်ပတွန်ဒြပ်စင် (Krypton Kr – 92) နှင့် ဘေရီယမ်(Barium Ba – 141) အဖြစ် ကွဲသွားကာ ၎င်းတို့နှင့်အတူ နျူထရွန်သုံးလုံး (3 – neutron) ပါရှိလာပါသည်။

ထိုပါရှိလာသည့် နျူထရွန် သုံးလုံးသည် အခြားယူရေနီယမ်ဒြပ်စင်တွင်ပါသည့် ယူရေနီယမ်အက်တမ်များကို ထပ်မံဝင်တိုက်ပြီး အထက်ပါဖြစ်စဉ်အတိုင်း ဆင့်ကဲဆင့်ကဲ ဝင်တိုက်ရာမှ နျူကလီးယား ဆင့်ကဲတိုက်ခိုက်ခြင်းဖြင့် နျူကလီးယားပြိုကွဲဓာတ်ပြုခြင်းဖြစ်စဉ်ဖြစ်လာပါသည်။ နျူကလီးယားစွမ်းအင်တစ်ခုပြိုကွဲလျှင် နျူကလီးယားစွမ်းအင် 200 MeV (Mega electron volt စွမ်းအင်ကို နျူကလီးယားဖြင့် ဖော်ပြသည့်ယူနစ်) ထွက်ရှိပါသည်။ ယင်းသည် လျှပ်စစ်စွမ်းအင် 5.4 x 106 k W H (kilo watt hour) နှင့်ညီမျှပါသည်။ ယူရေနီယမ်–(U–235) တစ်ဂရမ်မှ ထွက်ရှိသည့် နျူကလီးယားစွမ်းအင်သည် ရေနံဆီပေါင်း နှစ်တန်ပမာဏမှ ထွက်ရှိသည့် လျှပ်စစ်စွမ်းအင်ကို ထုတ်ပေးနိုင်ပါသည်။ *စာမျက်နှာ ၁၁ သို့*

- **မြန်မာနိုင်ငံ၏ လိုအပ်သည့် လျှပ်စစ်စွမ်းအင်အရင်းအမြစ်ကို ဖြည့်ဆည်းရန်အတွက် တည်ငြိမ်သည့် လျှပ်စစ်စွမ်းအင်ကို ပေးနိုင်သည့် အဏုမြူစွမ်းအင်ကို တည်ဆောက်ရန် စတင်ဆောင်ရွက်နေပြီ**
- **မြန်မာနိုင်ငံရှိ အဆင့်မြင့် တက္ကသိုလ်၊ ကောလိပ်များမှ နျူကလီးယား ပညာရှင်များကို မွေးထုတ်နေပြီး ပြည်ပနိုင်ငံများသို့လည်း ပညာတော်သင်များ စေလွှတ်လေ့ကျင့်ပေး**





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ-လာအို ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နှစ်နိုင်ငံ မိဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရေးဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ-လာအို ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပို)

တွေ့ဆုံစဉ် မြန်မာ-လာအို ချစ်ကြည်ရေးအသင်းက ဆောင်ရွက်နေသည့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ မိဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရေး၊ မိဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများ မျှဝေဖလှယ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်ဒေသရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၈

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့ နံနက်ပိုင်းတွင် မိုင်းပန်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization– DMO) များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။ (ယာပို)

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အဆင်ကရ ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာ နေရာများစွာ ပိုင်ဆိုင်ထားရှိပါကြောင်း၊ ယင်းဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးအတွက် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုင်းပန်မြို့သည် တောင်ပေါ်ဒေသဖြစ်သောကြောင့် တောင်တန်းဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး အခြေပြုခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော် နိုင်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားပြီး မိုင်းပန်မြို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားလုံးပိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ခရီးသွားလုပ်ငန်းတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တွေ့ကြုံနေရသည့် အခက်အခဲများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မိုင်းပန်မြို့နယ် ကျေးရွာများရှိ စာသင်ကျောင်းများအတွက် MRTV DVB – T2 Set Top Box များနှင့် သုတ၊ ရသဆိုင်ရာ စာအုပ်များကို ဆရာ ဆရာမများထံသို့ လည်းကောင်း၊ မိုင်းပန်မြို့အနီးရှိ ကျေးရွာအုပ်စုများအတွက် MRTV DVB – T2 Set Top Box များကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ မိုင်းပန်မြို့အတွင်းရှိ စာသင်ကျောင်းများနှင့် ဌာနဆိုင်ရာရုံးများကိုကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို အားပေးစကားပြောကြားကာ မေတ္တာလက်ဆောင်များ ပေးအပ်သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မိုင်းပန်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ကျန်းမာရေးအထောက်အကူပြုဆေးပစ္စည်းများနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်ကာ ဆေးရုံတက်ရောက်ကုသနေသော လူနာများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

အောက်တိုဘာ ၂၆ ရက်ကလည်း ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ခရီးသွားဆွဲဆောင်ရာ အဆင်ကရ နေရာတစ်ခုဖြစ်သည့် ပင်လုံစာချုပ်ကျောက်တိုင် (ပြည်ထောင်စုကျောက်တိုင်)ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခရီးသွားဧည့်သည်များ လာရောက်လေ့လာလည်ပတ်ရာတွင် ပင်လုံစာချုပ်ကျောက်တိုင်၏ သမိုင်းကြောင်းကို ပြည့်စုံစွာ ရှင်းလင်းစွာ သိရှိနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် မဟာရဋ္ဌဘိသာမဂ္ဂိဇောတော်သို့ သွားရောက်ပြီး ပွင့်လင်းရာသီ၌ ဘုရားဖူးခရီးသွားများ လာရောက်ဖူးမြော်ရာတွင် အဆင်ပြေချောမွေ့စွာ လာရောက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုကာ ဘုရားဖူးခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

စာမျက်နှာ ၁၀ မှ

နျူကလီးယားပေါင်းခြင်း (Nuclear Fusion) ဖြစ်စဉ်သည် နျူကလီးယားပြိုကွဲခြင်းဖြစ်စဉ်နှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ပေါ့ပါးသည့် နျူကလီးယပ်နှစ်ခု (သို့) နှစ်ခုထက်ပိုသော နျူကလီးယပ်များ ထိတွေ့ကာ ပေါင်းစပ်သွားခြင်း ဖြစ်ပါသည်။ ဟိုက်ဒြိုဂျင်အက်တမ်၏ အိုင်ဆိုတုပ် (Isotopes)များဖြစ်သည့် ဒျူထရွန် (Deuterium) H – 2 နှင့် ထရစ်တီယမ် H – 3 တို့ ပေါင်းစပ်ရာမှ သာမိုနျူကလီးယားပါဝါ (Thermo Nuclear Power) ဖြစ်ပေါ်လာကာ အလွန်ပြင်းထန်သည့် ဟိုက်ဒြိုဂျင်ဗုံး (H – bomb) များအထိ ပြုလုပ်နိုင်ပါသည်။

နျူကလီးယားပေါင်းစပ်ခြင်းမှရရှိသည့် စွမ်းအင်ပမာဏသည် (တူညီသည့် လောင်စာပမာဏမှာ) ကျောက်မီးသွေး၊ ရေနံ (သို့) သဘာဝဓာတ်ငွေ့များမှ ရရှိသည့် စွမ်းအင်ထက် အဆလေးသန်းနီးပါး ပိုများပြီး နျူကလီးယားပြိုကွဲခြင်းဖြစ်စဉ် (Nuclear Fission)မှ ရရှိသည့် စွမ်းအင်ထက် လေးဆပိုမိုထုတ်လုပ်နိုင်ပါသည်။ သို့ရာတွင် နျူကလီးယားပေါင်းစပ်ဓာတ်ပြုခြင်းကို လိုအပ်သလို ထိန်းချုပ်ရန် ခက်ခဲနေသေးသဖြင့် နျူကလီးယားပေါင်းစပ်ဓာတ်ပြုခြင်းဖြင့် တည်ဆောက်ထားသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်နိုင်ရန် ခက်ခဲနေခြင်းဖြစ်ပါသည်။

နျူကလီးယားဓာတ်ပေါင်းဖိုများ အမျိုးအစားများစွာရှိပါသည်။ ဖိအားပေးထားသည့် ရေကို အသုံးပြုသည့် ဓာတ်ပေါင်းဖို (Pressurized Water Reactors – PWR) ရေနွေးငွေ့သုံးဓာတ်ပေါင်းဖို (boiling Water Reactor – BWR)၊ သေးငယ်သော Modular ဓာတ်ပေါင်းဖို (Small Modular Reactor SMR) စသည်တို့ ဖြစ်ပါသည်။ SMR များသည် သာမန်ဓာတ်ပေါင်းဖိုများထက် ပိုမိုသေးငယ်ပြီး ရွေ့ပြောင်းရလွယ်ကူပါသည်။ နဂိုရှိပြီးသား ဓာတ်အားလိုင်းများကို ဖြည့်စွက်ရန် အသုံးပြုလေ့ရှိပြီး ကုန်ကျစရိတ်သက်သာကာ တည်ဆောက်ရလွယ်ကူပါသည်။ ထို့အပြင် နျူကလီးယား အိုင်ဆိုတုပ် (Nuclear Isotope)များကို ကျန်းမာရေး၊ စက်မှုနည်းပညာနှင့် စိုက်ပျိုးရေး စသည့်နယ်ပယ်အသီးသီးတွင် အကျိုးရှိစွာ အသုံးပြုနိုင်ပါသည်။



NUCLEAR FISSION	NUCLEAR FUSION
A heavy nucleus breaks up to form two lighter nuclei.	Two light nuclei combine to form a heavy nucleus.
It involves a chain reaction.	Chain reaction is not involved.
The heavy nucleus is bombarded with neutrons.	Light nuclei are heated to an extremely high temperature.
We have proper mechanisms to control fission reaction for generating electricity.	Proper mechanisms to control fusion reaction are yet to be developed.
Disposal of nuclear waste is a great environmental problem.	Disposal of nuclear waste is not involved.
Raw material is not easily available and is costly.	Raw material is comparatively cheap and easily available.

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အဖွဲ့အေဂျင်စီ IAEA ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်ပါသည်။ ၁၉၅၇ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် IAEA အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ လိုအပ်သည့် လျှပ်စစ်စွမ်းအင်အဖွဲ့အေဂျင်စီ ဖြည့်ဆည်းရန်အတွက် တည်ငြိမ်သည့် လျှပ်စစ်စွမ်းအင်ကို ပေးနိုင်သည့် အဏုမြူစွမ်းအင်ကို တည်ဆောက်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံရှိအဆင့်မြင့် တက္ကသိုလ်၊ ကောလိပ်များမှ နျူကလီးယားပညာရှင်များကို မွေးထုတ်နေပြီး ပြည်ပနိုင်ငံများသို့လည်း ပညာတော်သင်များ စေလွှတ်လေ့ကျင့်ပေးနေပါသည်။ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာနှင့် ပြည်သူလူထုအကျိုးအတွက် အသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကား –

၁။ ရူပဗေဒအကြောင်း သိကောင်းစရာ (ပါမောက္ခ ဦးစံသာအောင်)

၂။ နျူကလီယရူပဗေဒ(ဒေါက်တာစုစု၊ ဦးကြီးမြင့်)

၃။ နျူကလီးယားဖြောင့်ကြောင်း တစေ့တစောင်း (ဧကံ)

၄။ Nuclear Reactor Physics (S. E LIVERHANT)

၅။ Nuclear Reactor Engineering (Samuel Glasstone and Alexander Sesonske)

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၈

မြန်မာ့တပ်မတော်(ရေ)နှင့် ရုရှားရေတပ်နှစ်ရပ် အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခြွင့်တင်နိုင်ရန် ရုရှားရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Aleksandr A.Moiseev ၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၁၉ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံအခြေစိုက် ရုရှားစစ်သံမှူး Colonel KURCHENKO Sergey Semenovich နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သွားရောက်လေ့လာ

ခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၁ ရက်တွင် ဗလာဒီဗော့စတော့မြို့ရှိ ရုရှားရေတပ် Pacific Fleet ၏ အမှတ်(၁၉) ရေငုပ်သင်္ဘောတပ်မသို့သွားရောက်ခဲ့ရာ Primorskaya Flotilla ၏ စစ်ရေယာဉ်စုမှူးဖြစ်သူ ဗိုလ်ချုပ် A.U.Sysoev နှင့် အရာရှိကြီးများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုအလေးပြုကြသည်။ ထို့နောက် ရုရှားစစ်ရေယာဉ် Hero Of The Russian Federation Aldar Tsydenzhapov နှင့် ရေငုပ်သင်္ဘော Komsomolsk on Amur သို့ သွားရောက်လေ့လာ၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး Pacific Fleet Museum သို့ သွားရောက်လေ့လာကြသည်။ ၎င်းနောက် ရုရှားရေတပ်၊ Pacific Fleet ကွပ်ကဲမှုဌာနချုပ်သို့သွားရောက်ရာ Pacific Fleet Commander ဖြစ်သူ ဗိုလ်ချုပ်ကြီး Viktor N.Liina နှင့်အရာရှိကြီးများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုကြပြီး အစည်းအဝေးခန်းမတွင် နှစ်နိုင်ငံ ရေတပ်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ၎င်းနောက် Russia My History ပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

အောက်တိုဘာ ၂၃ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ရှိ JSC Admiralty Shipyard သို့ သွားရောက်လေ့လာရာ သင်္ဘောကျင်းတာဝန်ရှိသူများက ရေယာဉ်တည်ဆောက်ရေးနှင့် ပြုပြင်ရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပြီး သင်္ဘောကျင်း ပြတိုက်သို့ ကြည့်ရှုလေ့လာကြသည်။ ၎င်းနောက် JSC Midle Nevsky Shipbuilding Plant သို့ သွားရောက်ပြီး သံပြားအစားထိုး စွမ်းအားမြင့် ပလတ်စတစ်ဖိုက်ဘာ နည်းပညာ (Glass Reinforced Plastics-GRP)ဖြင့် ရေယာဉ်တစ်စင်း လုံးအား တည်ဆောက်နေမှုများကို လေ့လာဆွေးနွေးကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ရှိ ရုရှားရေတပ်ရုံးချုပ် သို့သွားရောက်ခဲ့ရာ ရုရှားရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Aleksandr A.Moiseev နှင့်အဆင့်မြင့်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ရုရှားရေတပ်ဦးစီးချုပ်တို့သည် ရုရှားရေတပ်ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။ ထို့နောက် အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံ ရေတပ်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး ရုရှားရေတပ်ဦးစီးချုပ်ရုံးခန်း၊ အစည်းအဝေးခန်း၊ စာကြည့်တိုက်တို့ကို ကြည့်ရှုလေ့လာကြသည်။ ညပိုင်းတွင် ရုရှားရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ဆွေးနွေး

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း စိန့်ပီတာစဘတ်မြို့ရှိ Hermitage ပြတိုက်သို့ သွားရောက်လေ့လာခြင်း၊ အဆင့်မြင့်နည်းပညာဖြင့် တီထွင်ထုတ်လုပ်မှုများ ပြုလုပ်နေသော Special Technology Centre(STC) သို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အောက်တိုဘာ ၂၅ ရက်တွင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr.Evgeny Grigoryev နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဟားခါးမြို့၌ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး အလယ်တန်းအဆင့် (Level - 1,2,3) ပုံနှိပ်စာအုပ်များပေးအပ်

ဟားခါး အောက်တိုဘာ ၂၈

ဟားခါးမြို့ အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ဖွင့်လှစ်သည့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးကျောင်းတွင် ပညာသင်ကြားနေသော မူလတန်းကျောင်းသား ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်များ ပေးအပ်ပွဲကို အောက်တိုဘာ ၂၃ ရက်က ဟားခါးမြို့ အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ အီးကေကိမ်းငဲင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ် ဝန်ကြီးများက အမှာစကား ပြောကြားပြီး ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးကျောင်းတွင် ပညာသင်ကြားနေသော မူလတန်းအဆင့် level-1 အတွက် ပုံနှိပ်စာအုပ် ၄၄ စုံကို ခေတ္တလုပ်မှုရေးရာဝန်ကြီးကလည်းကောင်း၊ မူလတန်းအဆင့် level-2 အတွက် ပုံနှိပ်စာအုပ် ၆၅ စုံကို သယံဇာတရေးရာဝန်ကြီးက လည်းကောင်း ပေးအပ်ကြပြီး ဟားခါးမြို့နယ် ပညာရေးကော်မတီ တာဝန်ရှိသူများက လက်ခံရယူသည်။

ခရိုင်(ပြန်/ဆက်)

တိုက်ကြီးမြို့နယ်၌ ဟောပြောပွဲ၊ ပြပွဲနှင့်ပြိုင်ပွဲများကျင်းပ

တိုက်ကြီး အောက်တိုဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ခြင်းအကျိုးကျေးဇူး အသိပညာပေး ဟောပြောပွဲ၊ ပြပွဲနှင့်ပြိုင်ပွဲများကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်နှင်းသက်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ စာပေမှရရှိသော ဗဟုသုတများ၊ ငယ်စဉ်ကတည်းက စာဖတ်သည့်အလေ့အထများ ပြုစုပျိုးထောင်ပေးရန် လိုအပ်ပုံတို့ကို ဆွေးနွေးပြောကြားပြီး ကျောင်းသားကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ကြကာ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်သည်။ **ဝတ်ရည်(ပြန်/ဆက်)**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ စက်သုံးဆီဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို အောက်တိုဘာ ၂၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးအောင်သူဟိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

ကော့သောင်းမြို့၌ မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံး အသက် ၁၂၁ နှစ်အဘွားအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်

ကော့သောင်း အောက်တိုဘာ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အတွက် မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံး အဖြစ် သတ်မှတ်ပြီး ဂုဏ်ပြုချီးမြှင့်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်၍ အသက် ၁၂၁ နှစ် ဘိုးဘွားနှစ်ဦးအား မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံး အဘိုးအဘွားအဖြစ် သတ်မှတ်ရွေးချယ်ခဲ့ကြပြီး တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်း ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ ရွှေဇင်ယော်ရပ်ကွက် ပုလဲတွင်းလမ်းနေ မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံး အသက် ၁၂၁ နှစ် အဘွား ဒေါ်ပန်းနွယ်အား ယနေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေ သွားရောက်ပေးအပ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)

မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/၈လ

ဒစ်ဂျစ်တယ်ခေတ်တွင် တာဝန်ယူမှုရှိသော နိုင်ငံသားတစ်ဦးဖြစ်လာစေမည့် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုပညာကို လေ့လာကြပါစို့

ယနေ့ကမ္ဘာသည် သတင်းအချက်အလက်များ လျင်မြန်စွာစီးဆင်းနေသော ဒစ်ဂျစ်တယ်နယ်နိမိတ်အသစ်တွင် ရောက်ရှိနေပြီဖြစ်သည်။ လူမှုကွန်ရက်နှင့် နည်းပညာများ တိုးတက်လာသည်နှင့်အမျှ သတင်းမီဒီယာပုံစံအမျိုးမျိုးသည် လူသားတို့၏ နေ့စဉ်ဘဝကို အနီးကပ်လွှမ်းမိုးလာသည်။

ရတနာထွန်း

ထိုသို့သော ပတ်ဝန်းကျင်တွင် ရရှိလာသော သတင်းအချက်အလက်များကို မှန်ကန်စွာ ဆန်းစစ်နိုင်ရန်နှင့် တာဝန်ယူမှုရှိစွာ အသုံးပြုနိုင်ရန်အတွက် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု (Media and Information Literacy –MIL)သည် မရှိမဖြစ် လိုအပ်သော ၂၁ ရာစု၏ ကျွမ်းကျင်မှုတစ်ရပ်ဖြစ်လာသည်။ MIL သည် မီဒီယာဆိုင်ရာ သိနားလည်မှု (Media Literacy) နှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု (Information Literacy)တို့ကို ပေါင်းစပ်ထားပြီး ယင်းတွင် လက်ရှိခေတ်ရေစီးကြောင်းအရ အလွန်အရေးကြီးသော ဒစ်ဂျစ်တယ်ဆိုင်ရာ သိနားလည်မှု (Digital Literacy) ကဏ္ဍာလည်း ပါဝင်လာပါသည်။

❖ AI နည်းပညာသည် လျင်မြန်စွာတိုးတက်နေသော်လည်း လူဉာဏ်ပညာ၊ ဆင်ခြင်တုံတရား၊ မေတ္တာ၊ စေတနာ၊ လူသားဆန်သည့် စိတ်အခြေအနေနှင့် ကျင့်ဝတ်သိက္ခာက မည်သည့်စက်နှင့်မျှ အစားထိုးမရနိုင်ပါ။ MIL သည် လူတစ်ဦးချင်းစီအား အွန်လိုင်းအခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို သိရှိစေပြီး သတင်းအချက်အလက်များကို ကျင့်ဝတ်နှင့်အညီ ပြန်လည်အသုံးပြုရန်နှင့် ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်တွင် အပြုသဘောဖြင့် ပါဝင်ဆောင်ရွက်ရန် လမ်းညွှန်ပြလျက်ရှိ

ကမ္ဘာလုံးဆိုင်ရာ MIL ရက်သတ္တပတ်တွင် တက်ကြွစွာပါဝင်ခြင်း

ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် (Global Media and Information Literacy Week)ကို UNESCO က ဦးဆောင်ပြီး ၂၀၁၂ ခုနှစ်မှစ၍ ကမ္ဘာတစ်ဝန်း ကျင်းပလာခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ UNESCOတို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု (Global Media and Information Literacy Week–MIL) ကို ကျင်းပသည့်နိုင်ငံအဖြစ် ကမ္ဘာ့နိုင်ငံများ စာရင်းဝင်ခဲ့ပါသည်။

ထို့နောက် ၂၀၁၉ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနၭ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ နှစ်စဉ် အောက်တိုဘာလ စတုတ္ထပတ်တွင် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ ပါဝင်ပြီး **“သတင်းတု သတင်းမှားများ၊ အမှန်းစကားများ၊ လုပ်ကြံသတင်းများ၏ သက်ရောက်မှု၊ သတင်းအချက်အလက် ဒစ်ဂျစ်တယ်နယ်နိမိတ်အသစ်၊ ပြည်သူ့အကျိုးစီးပွားအတွက် MIL”** ကဲ့သို့သော ဆောင်ပုဒ်များဖြင့် အသိပညာပေးစကားပိုင်းများ ပြုလုပ်လာခဲ့သည်မှာ ယခုနှစ် ၂၀၂၅ ခုနှစ်တွင် (၈)နှစ်ပြည့်မြောက်ပြီဖြစ်ပါသည်။

AI ဖန်တီးသော အကြောင်းအရာများကို ခွဲခြားနိုင်စွမ်း

နိုင်ငံတော်အကြီးအကဲက လူငယ်များသည် ခေတ်မီနည်းပညာများကို ကျွမ်းကျင်တတ်မြောက်ကြစေလိုကြောင်းနှင့် ဆိုရှယ်မီဒီယာကို အကျိုးရှိရှိ အသုံးချစေလိုကြောင်း တိုက်တွန်းပြောကြားထားရာ ဉာဏ်ရည်တု (Artificial Intelligence – AI) နည်းပညာများကြောင့် သတင်းအခင်းအကျင်းများ လျင်မြန်စွာပြောင်းလဲနေချိန်တွင် **"Minds Over AI–MIL in Digital Spaces"** ဟူသော ယခုနှစ် (၂၀၂၅) UNESCO ကမ္ဘာလုံးဆိုင်ရာ MIL ရက်သတ္တပတ်၏ ဆောင်ပုဒ်သည် အချိန်နှင့်တစ်ပြေးညီ အရေးကြီးသော သတိပေးချက်တစ်ခု ဖြစ်နေပါသည်။

AI သည် လူအများလေးစားရသော နိုင်ငံရေးသမားများ၊ သတင်းတင်ဆက်သူများနှင့် ကျော်ကြားသူများ၏ အသံနှင့်ရုပ်ပုံများကို ပွားယူ၍ အမှားအယွင်းများ၊ အမှန်းစကားများ သို့မဟုတ် လိမ်လည်လှည့်ဖြားသည့် ကြော်ငြာများကို ဖန်တီးနိုင်စွမ်းရှိသည်။ ဥပမာအားဖြင့် သတင်းတင်ဆက်သူတစ်ဦးက ကျန်းမာရေး သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိမ်လည်မှုများကို ထောက်ခံပြောဆိုနေသည့် ဗီဒီယိုအတုများ ပေါ်ပေါက်လာခြင်းမျိုးဖြစ်သည်။ ထိုသို့သော AI-Generated Content (AIC) များသည် မူရင်းထုတ်လုပ်သူ၊ သတင်းဌာနနှင့် လူထု၏ ယုံကြည်ကိုးစားမှုကို အလွန်အမင်း ထိခိုက်စေနိုင်ပါသည်။

AI–ဖန်တီးထားသော အကြောင်းအရာများ (AIC)သည် ရိုးရာသတင်းမှားများထက် ပိုမိုမြန်ဆန်စွာ ပျံ့နှံ့နိုင်ခြင်း၊ ပိုမိုယုံလွယ်အောင် ပြုလုပ်နိုင်ခြင်း တို့ကြောင့် နိုင်ငံသားတိုင်းသည် ဤမြိမ်းခြောက်မှုကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။ ထိုသို့ အခြေအနေတွင် MIL အသိပညာအရည်အသွေးသည် မရှိမဖြစ်လိုအပ်လာသည်။ MIL သည် လူတစ်ဦးချင်းစီအား သတင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုများကို ပြုပြင် တည်ဖြတ်ထားမှု၊ လုပ်ကြံဖန်တီးထားမှု ရှိ၊ မရှိကို သက်ဆိုင်ရာ Website များ၊ Application များကို အသုံးပြု၍ စစ်ဆေးခြင်းအပါအဝင် ကျွမ်းကျင်မှု ဆိုင်ရာများကို သင်ကြားပေးခြင်းဖြင့် အန္တရာယ်ရှိသော အကြောင်းအရာများ၏ သက်ရောက်မှုကို ထိရောက်စွာ လျော့ပါးစေသည်။ ကျွန်ုပ်တို့၏ စိတ်ဝင်စားမှုအလိုက် သတင်းများကိုသာ AI နည်းပညာသုံး အယ်လ်ဂိုရီသမ်များက ရွေးချယ်ပြသခြင်းဖြင့် လူမှုအမြင်ကို ထိန်းချုပ်နိုင်စွမ်းရှိပါသည်။ MIL အသိပညာကို တတ်မြောက်သူတစ်ဦးအနေဖြင့် မိမိတို့ တွေ့ရှိ/ကြားသိသည့် သတင်းအချက်အလက်များကို သိရှိသည်နှင့် အမှန်ဟု လက်ခံယုံကြည်ခြင်း မျိုးမဟုတ်ဘဲ ဝေဖန်ပိုင်းခြားသုံးသပ်ခြင်းဖြင့် အမှား/အမှန်ခွဲခြားမှု ပြုလုပ်နိုင်လာပါသည်။

MIL (Media and Information Literacy)သည် လူတိုင်းအား အယ်လ်ဂိုရီသမ် မည်သို့အလုပ်လုပ်သည်၊ မီဒီယာက မည်သည့်ရည်ရွယ်ချက်ဖြင့် ထုတ်လွှင့်သည်၊ မည်သို့သော စည်းမျဉ်း၊ နည်းနာများကို အသုံးပြုထားသည် စသည်တို့ကို ကိုယ်ပိုင်စဉ်းစားဉာဏ်ဖြင့် ဆက်စပ်နားလည်နိုင်စေခြင်းဖြင့် ပြည်သူ့အကျိုးစီးပွားအတွက် အမှန်တကယ် အထောက်အကူပြုမည့် သတင်းအချက်အလက်များကို ရွေးချယ်နိုင်စေပါသည်။ ထိုသို့ နားလည်မှုသာ မိမိပတ်ဝန်းကျင်မှသည် ကမ္ဘာကြီးတစ်ခုလုံးကို ပြည့်ပြည့်စုံစုံ ရှုမြင်နိုင်မည်ဖြစ်ပါသည်။

AI နည်းပညာသည် လျင်မြန်စွာ တိုးတက်နေသော်လည်း လူဉာဏ်ပညာ၊ ဆင်ခြင်တုံတရား၊ မေတ္တာ၊ စေတနာ၊ လူသားဆန်သည့် စိတ်အခြေအနေနှင့် ကျင့်ဝတ်သိက္ခာက မည်သည့်စက်နှင့်မျှ အစားထိုးမရနိုင်ပါ။ MIL သည် လူတစ်ဦးချင်းစီအား အွန်လိုင်းအခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို သိရှိစေပြီး သတင်းအချက်အလက်များကို ကျင့်ဝတ်နှင့်အညီ ပြန်လည်အသုံးပြုရန်နှင့် ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်တွင် အပြုသဘောဖြင့် ပါဝင်ဆောင်ရွက်ရန် လမ်းညွှန်ပြလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ MIL ဖြင့်တင်ရေးလုပ်ငန်းစဉ်များ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများပူးပေါင်းကာ အထူးသဖြင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MIL ကို အဓိကမောင်းနှင်အားအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပညာရှင်များပူးပေါင်းကာ ဝန်ကြီးဌာန အသီးသီးမှ ဝန်ထမ်းများအတွက် MIL သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါသည်။ အသိပညာပေးစကားပိုင်းများတွင် Artificial Intelligence (AI) နည်းပညာ၏ ကောင်းကျိုး၊ ဆိုးကျိုး စိန်ခေါ်မှုများနှင့် သတင်းတု၊ သတင်းမှားများအပေါ် သက်ရောက်မှုတို့ကိုပါ ထည့်သွင်းဆွေးနွေးလာပြီဖြစ်ပါသည်။

ယခုနှစ်တွင်လည်း မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် (၂၀၂၅) (Global Media and Information Literacy Week–2025) အခမ်းအနားကို အောက်တိုဘာလ ၂၄ ရက်နေ့တွင် နေပြည်တော်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပမ္ဘသီရိမြို့နယ်တွင် **“MIL နှင့် AI ထိတွေ့ပြီးနောက် AI သည် သတင်းအခင်းအကျင်းများကို မည်ကဲ့သို့ ပြန်လည်ပုံဖော်လာသည်ကို လေ့လာစစ်ဆေး၍ AI မှ ပုံဖော်သည့် အကြောင်းအရာများကို ဝေဖန်ပိုင်းခြားရာ၌ MIL သည် လူတိုင်းအတွက် မည်သို့အရေးကြီးကြောင်း”** ခေါင်းစဉ် အောက်တွင် MIL in Myanmar Transition ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ပါသည်။ ထို့ပြင် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ကျောင်းသား၊ ကျောင်းသူများ၏ လူပ်ရှားဆောင်ရွက်မှုများ အဖြစ် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဧရာဝတီရိမြို့နယ် ခရေပင်လမ်းခွရှိ သတင်းစာတိုက်များသို့ လေ့လာရေးခရီးများ ပို့ဆောင်ခဲ့ပါသည်။

တာဝန်ယူမှုရှိသော ဒစ်ဂျစ်တယ် နိုင်ငံသားဖြစ်လာစေခြင်း

MIL တတ်ကျွမ်းမှုများ ရရှိထားခြင်းဖြင့် လူငယ်များအပါအဝင် နိုင်ငံသားများအား သတင်းအချက်အလက်ရယူပိုင်ခွင့်ကို သိရှိစေပြီး ရရှိလာသော အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများကို အသုံးပြု၍ မိမိ၏ပုဂ္ဂိုလ်ရေးဘဝ၊ ပညာရေးနှင့် လူမှုအသိုင်းအဝိုင်းကို အကျိုးရှိအောင်၊ ပြောင်းလဲလာအောင် ဆောင်ရွက်နိုင်စွမ်း ရှိစေပါသည်။ မကြာမီ အပိုင်းလိုက် စတင်ကျင်းပတော့မည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကာလသည် MIL ၏ အရေးပါပုံကို ပိုမိုထင်ရှားစေလာပါသည်။ ရွေးကောက်ပွဲအချိန်ကာလတွင် နိုင်ငံရေးဝါဒဖြန့်မှုများ (Propaganda)၊ AI နည်းပညာဖြင့် ဖန်တီးထားသော Deepfake ဗီဒီယိုအတုများနှင့် အမှန်းစကားများက အရှိန်အဟုန်ဖြင့် ပျံ့နှံ့နိုင်ခြေ မြင့်မားပါသည်။

နိုင်ငံသားများအနေဖြင့် မဲပေးဆုံးဖြတ်ရာတွင် အစစ်အမှန် သတင်းအချက်အလက်အပေါ် ဆင်ခြင်တုံတရားအခြေခံ၍ ဆုံးဖြတ်နိုင်ရန်၊ MIL သည် အဓိကသော့ချက်ဖြစ်ပါသည်။ ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများနှင့် ပါတီများအကြောင်းကို ဝေဖန်ပိုင်းခြားစိတ်ဖြင့် စိစစ်နိုင်မှသာ ပကတိအခြေအနေမှန်ကို နားလည်နိုင်ပါမည်။ အမှန်းစကားများ သို့မဟုတ် လူမျိုး၊ ဘာသာကို အခြေခံသည့် သတင်းမှားများပျံ့နှံ့မှုကို တားဆီးနိုင်ခြင်းဖြင့် မဲဆွယ်စည်းရုံးရေးကာလတွင် လူမှုအသိုင်းအဝိုင်းများအကြား ပဋိပက္ခများဖြစ်ပွားမှုကို လျှော့ချနိုင်ပါမည်။ နိုင်ငံသားများက MIL ကို အသုံးပြု၍ ရရှိသော အချက်အလက်များကို ခိုင်မာသော အသိပညာအဖြစ် ပြောင်းလဲကာ မဲပေးပိုင်ခွင့်ကို တိုင်းပြည်အတွက် အမှန်တကယ်အကျိုးရှိမည့် ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် အသုံးပြုနိုင်ကြမည် ဖြစ်ပါသည်။

မရှိမဖြစ်လိုအပ်သော အသိပညာ

ရွေးကောက်ပွဲကဲ့သို့သော အရေးကြီးသည့် အမျိုးသားရေးကိစ္စရပ်များ ချဉ်းကပ်လာချိန်တွင် သတင်းအချက်အလက်များကို ဝေဖန်ပိုင်းခြားနိုင်သည့် MIL စွမ်းရည်က နိုင်ငံသားတိုင်းအတွက် မိမိ၏တာဝန်ယူမှုကို ထမ်းဆောင်ရန်နှင့် အမှန်တရားပေါ်တွင် အခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်ရန် အလွန်အရေးကြီးပါသည်။ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု (MIL) သည် ဒစ်ဂျစ်တယ်ခေတ်၏ စိန်ခေါ်မှုများ၊ အထူးသဖြင့် AI မှ ဖန်တီးသော သတင်းတုများ၊ Deepfake များနှင့် အမှန်းစကားများကို ထိရောက်စွာ ရင်ဆိုင်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အသိပညာတစ်ခုဖြစ်ပါသည်။

ဤသည်မှာ လူတိုင်းအတွက် ပညာရပ်ဆိုင်ရာ တတ်ကျွမ်းမှုတစ်ခုသာမက နေ့စဉ်ဘဝနှင့် လူမှုအဖွဲ့အစည်း၏ လုံခြုံရေးအတွက်ပါ မရှိမဖြစ် လိုအပ်သော ဘဝစွမ်းရည် (Life Skill) တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံသားတိုင်းသည် **"Minds Over AI"** ဟူသော ဆောင်ပုဒ်၏ အနှစ်သာရကို နားလည်ပြီး မိမိတို့၏ ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ကျင့်ဝတ်သိက္ခာနှင့် တာဝန်ယူမှုတို့ကို MIL မှတစ်ဆင့် မြှင့်တင်ခြင်းဖြင့် ဒစ်ဂျစ်တယ်ခေတ်၏ အခွင့်အလမ်းများကို အကောင်းဆုံးအသုံးချနိုင်ကာ ခိုင်မာ၍ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်ကြရန် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု–MIL သည် လေ့လာဆည်းပူးအပ်သည့် အသိပညာ ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကား–

သတင်းအချက်အလက်သိနားလည်မှု

https://www.moi.gov.mm/news/46364

https://www.moi.gov.mm/news/63250

ကင်မရွန်းနိုင်ငံ၌ ကမ္ဘာ့အသက်အကြီးဆုံးအုပ်ချုပ်သူ ပေါလ်ဘီယာ သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရ

ယောင်ဒေး အောက်တိုဘာ ၂၈

ကင်မရွန်းသမ္မတ ပေါလ်ဘီယာသည် အသက် ၉၂ နှစ်အရွယ်တွင် သမ္မတအဖြစ်ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရကြောင်း၊ အတိုက်အခံကို ထောက်ခံသူများက ရွေးကောက်ပွဲတွင် မဲမသမာမှုရှိသည် ဟုဆိုကာ ပေါလ်ဘီယာကို ဆန့်ကျင်ဆန္ဒပြလျက်ရှိကြောင်း အင်နိအိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

နှစ်ပေါင်း ၄၀ ကြာ တာဝန်ထမ်းဆောင်ခဲ့

ကင်မရွန်းအာဏာပိုင်များသည် အောက်တိုဘာ ၁၂ ရက်က ကျင်းပပြုလုပ်ခဲ့သော သမ္မတရွေးကောက်ပွဲတွင် ဘီယာက ထောက်ခံမဲ ၅၃ ရာခိုင်နှုန်းခန့်ဖြင့် အနိုင်ရရှိခဲ့သည်ဟု အောက်တိုဘာ ၂၇ ရက်တွင် ပြောသည်။ ကမ္ဘာ့အသက်အကြီးဆုံး အုပ်ချုပ်သူအဖြစ် လူသိများသော ဘီယာသည် သမ္မတအဖြစ် နှစ်ပေါင်း ၄၀ ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

၎င်းသည် ၁၉၈၂ နှစ်တွင် သမ္မတအဖြစ် ပထမဆုံး အကြိမ် ရွေးကောက်ခံခဲ့ရကြောင်း၊ ၎င်း၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများရှိသော်လည်း ယခုအခါတွင် နောက်ထပ် ခုနစ်နှစ်ကြာ သမ္မတတာဝန်များကို ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

လေးပုံ တစ်ပုံနီးပါး ဆင်းရဲချို့တဲ့စွာ နေထိုင်ကြ

ရေနံကြွယ်ဝသော ကင်မရွန်းနိုင်ငံသည် စွမ်းအင်တင်ပို့မှုများမှ နိုင်ငံ့ဝင်ငွေရရှိမှုကို အထောက်အကူပြုလျက်ရှိကြောင်း၊ သို့သော်လည်း နိုင်ငံ့လူဦးရေ၏ လေးပုံ တစ်ပုံနီးပါးမှာ ဆင်းရဲချို့တဲ့စွာ နေထိုင်ကြရကြောင်း၊ ကြွယ်ဝချမ်းသာမှု ကွာဟချက်နှင့် လူငယ်ပိုင်း အလုပ်လက်မဲ့ပြဿနာမှာ လူမှုအသိုင်းအဝိုင်း၏ အဓိကပြဿနာများ ဖြစ်လာလျက်ရှိကြောင်း သိရသည်။

အင်နိအိတ်ချ်ကေ

သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အသက် ၉၂ နှစ်အရွယ် ကင်မရွန်းသမ္မတ ပေါလ်ဘီယာ။

အေအိုင်နည်းပညာအသုံးပြုမှု မြင့်တက်လာသောကြောင့် အမေဇုန်ကုမ္ပဏီတွင် အလုပ်အကိုင်ပေါင်း ၃၀၀၀၀ လျှော့ချမည်

ဝါရှင်တန် အောက်တိုဘာ ၂၈

အေအိုင်နည်းပညာ အသုံးပြုမှု မြင့်တက်လာခြင်းကြောင့် ဗျူရိုကရေစီစနစ်နှင့် မနှေးကျသူများကို လျှော့ချရန်အတွက် အမေရိကန် နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် အမေဇုန်သည် အလုပ်အကိုင်ပေါင်း ၃၀၀၀၀ အထိ လျှော့ချရန် စီစဉ်နေကြောင်း ဖော်ပြခဲ့သည်။

အလုပ်အကိုင် လျှော့ချမှုများကို အောက်တိုဘာ ၂၈ ရက်ထက် နောက်မကျဘဲ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်အကိုင် လျှော့ချမှုကြောင့် အမေဇုန်ဝန်ထမ်းပေါင်း ၁၀ ရာခိုင်နှုန်းခန့် ထိခိုက်သွားမည်ဖြစ်သည်။

အမေဇုန်သည် ကိုဗိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ကာလအတွင်း မြင့်မားသော တောင်းဆိုမှုများကို ဖြည့်ဆည်းရန်အတွက် အလုပ်အလွန်အကျွံ ခန့်ထားမှုများကို ကုစားရန် လုပ်ဆောင်နေသည်။

၂၀၂၂ ခုနှစ်မှစတင်၍ အလုပ်အကိုင်ရာထူး ၂၇၀၀၀ ခန့်လျှော့ချပြီးနောက် ယခုတစ်ကြိမ် အလုပ်အကိုင်လျှော့ချမှုသည် ကုမ္ပဏီ၏ အကြီးမားဆုံး အလုပ်အကိုင် ဖြတ်တောက်လျှော့ချမှု ဖြစ်လာမည်ဖြစ်သည်။

အေအိုင်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းဖြင့် ကုမ္ပဏီ၏ လုပ်သားအင်အားကို ပိုမို လျှော့ချရန် ဦးတည်သွားနိုင်မည်ဖြစ်ကြောင်း အမေဇုန်အမှုဆောင် အရာရှိချုပ် အန်ဒီဂျက်ဆီက ဝန်ထမ်းများအား ဇွန်လက ပြောကြားခဲ့သည်။

အင်နိအိတ်ချ်ကေ

အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံးနျူကလီးယားဓာတ်အားပေးစက်ရုံ ၂၀၃၂ ခုနှစ်တွင် စတင်လည်ပတ်မည်

ဂျကာတာ အောက်တိုဘာ ၂၈

၂၀၆၀ ပြည့်နှစ်တွင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညရာခိုင်နှုန်းသို့ရောက်ရှိရန် ကြိုးစားမှု တစ်စိတ်တစ်ပိုင်းအဖြစ် အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံကို ၂၀၃၂ ခုနှစ်တွင် စတင်လည်ပတ်ရန် မျှော်လင့်ထားကြောင်း စွမ်းအင်နှင့် ဓာတ်သတ္တုအရင်းမြစ် ဒုတိယဝန်ကြီး ယူလီယော့က ပြောကြားလိုက်သည်။

အောက်တိုဘာ ၂၇ ရက်က ကျင်းပပြုလုပ်ခဲ့သည့် နျူကလီးယားစွမ်းအင် ထိန်းချုပ်ရေးအေဂျင်စီ အမှုဆောင်အစည်းအဝေးတွင် ယူလီယော့က နျူကလီးယားစွမ်းအင်ကို ယခုအခါ အမျိုးသား စွမ်းအင်လုံခြုံရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် မဟာဗျူဟာမြောက် ရွေးချယ်မှုအဖြစ် ရှုမြင်ကြောင်း ပြောကြားခဲ့သည်။

နျူကလီးယားဓာတ်အားပေးစက်ရုံကို နောက်ဆုံးနည်းလမ်းအဖြစ် မသတ်မှတ်သော်လည်း အမျိုးသား စွမ်းအင်စီမံကိန်း၏ အရေးကြီးသော အစိတ်အပိုင်းအဖြစ် သတ်မှတ်ပါကြောင်း ယူလီယော့က ပြောကြားခဲ့သည်။ အဆိုပါမူဝါဒသည် အင်ဒိုနီးရှားရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့်အညီ ရေးဆွဲထားရှိမှုမက အစိုးရ၏မကြာသေးမီက ထုတ်ပြန်လိုက်သည့် နိုင်ငံတော်စွမ်းအင်မူဝါဒဆိုင်ရာ စည်းမျဉ်းများနှင့်လည်း ကိုက်ညီကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အစိုးရ၏ လမ်းညွှန်ချက်အောက်တွင် နျူကလီးယားစွမ်းအင်သည် ၂၀၃၀ ပြည့်နှစ်တွင် အင်ဒိုနီးရှား စွမ်းအင်ရောနှောအသုံးပြုမှု၏ ငါးရာခိုင်နှုန်းနှင့် ၂၀၆၀ ပြည့်နှစ်တွင် ၁၁ ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်သည်။

ရှေ့အလားအလာကောင်းများ ရှိနေချိန်တွင် ရန်ပုံငွေ၊ ဆောက်လုပ်ရေးကြာချိန်နှင့် အများပြည်သူ ဘေးကင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် စိန်ခေါ်မှုများကို ယူလီယော့က အသိအမှတ်ပြုခဲ့သည်။

အစိုးရသည် နျူကလီးယားလုပ်ငန်းများတွင် ဘေးကင်းမှုနှင့် ထိရောက်မှုရှိစေရန် ဘေးအန္တရာယ်လျော့ပါးသက်သာရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအမံများကို အားဖြည့်လုပ်ဆောင်သွားမည်ဖြစ်သည်။

ဆင်ဟွာ

ဂျာမနီနိုင်ငံ၌ အမျိုးသမီးထက်ဝက်ကျော် အများပြည်သူဆိုင်ရာနေရာများတွင် လုံခြုံမှုမရှိဟု ခံစားနေရ

ဘာလင် အောက်တိုဘာ ၂၈

ဂျာမနီနိုင်ငံရှိ အမျိုးသမီးထက်ဝက်ကျော်မှာ အများပြည်သူနှင့်ဆိုင်သော နေရာများတွင် ဘေးကင်းလုံခြုံမှုမရှိဟု ခံစားနေကြရကြောင်း ဂျာမနီသတင်းအေဂျင်စီ ဒီပီအေ၏ အောက်တိုဘာ ၂၈ ရက်တွင် ထုတ်ပြန်သော စစ်တမ်းတစ်ရပ်အရ သိရသည်။

စီဗေစစ်တမ်း ကောက်ယူရေးအဖွဲ့က အသက် ၁၈ နှစ်နှင့် အထက် အရွယ်ရောက်သူ ၅၀၀၀ အား စစ်တမ်းကောက်ယူခဲ့ရာ အမျိုးသမီး ၅၅ ရာခိုင်နှုန်းက လမ်းမများ၊ အများပြည်သူဆိုင်ရာ ပို့ဆောင်ရေး၊ ပန်းခြံများ၊ ကလပ်များနှင့် ဘူတာရုံများအပါအဝင် စစ်တမ်းကောက်ယူရာ၌ ပါဝင်သော အများပြည်သူဆိုင်ရာ နေရာများတွင် ဘေးကင်းလုံခြုံမှုမရှိကြောင်း ခံစားကြရသည်ဟု ပြန်လည်တုံ့ပြန် ဖြေကြားခဲ့ကြောင်း သိရသည်။

နိုက်ကလပ်များနှင့် ဘူတာရုံများမှာ ဘေးကင်းလုံခြုံမှု အနည်းဆုံးနေရာများအဖြစ် သတ်မှတ်ခံထားရပြီး အမျိုးသမီး ၁၄ ရာခိုင်နှုန်းခန့်ကသာ အဆိုပါနေရာများတွင် ဘေးကင်းလုံခြုံမှုရှိသည်ဟု တုံ့ပြန်ဖြေကြားခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ရှိချက်များမှာ ဂျာမနီနိုင်ငံတစ်ဝန်း ကျား မ အခြေပြု အကြမ်းဖက်မှုများ မြင့်တက်လာချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဖက်ဒရယ် ပြစ်မှုဆိုင်ရာ ရဲတပ်ဖွဲ့ရုံး (ဘီကေအေ) ၏ ထုတ်ပြန်ချက်အရ မကြာသေးမီ နှစ်များအတွင်း အမျိုးသမီးများအပေါ် ပစ်မှတ်ထားကျူးလွန်သည့် ရာဇဝတ်မှုများ ဆက်လက်မြင့်တက်လာကြောင်း သိရသည်။

ဆင်ဟွာ

တိုကျို၌ တာဝန်ထမ်းဆောင်နေသည့် လူနာတင်ယာဉ်ခိုးယူခံရ

တိုကျို အောက်တိုဘာ ၂၈

တိုကျိုအနောက်ပိုင်း မာချီဒါမြို့၌ အောက်တိုဘာ ၂၇ ရက် ညပိုင်းက တာဝန်ထမ်းဆောင်နေသည့် လူနာတင်ယာဉ်တစ်စီး ခိုးယူခံရမှုဖြစ်ပွားခဲ့သည်။ လူနာတင်ယာဉ်ကို တိုက်ခန်းတွဲတစ်ခု၏ ယာဉ်ရပ်နားစခန်းတွင် အသင့်မောင်းရန် အနေအထားဖြင့် ရပ်တန့်ထားခဲ့ပြီး တာဝန်ရှိသူများက အရေးကြီးဖုန်းခေါ်ဆိုရာနေရာသို့ သွားရောက်နေစဉ် ယခုလို ခိုးယူခံရမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တိုကျိုမီးသတ်ဌာနက ပြောကြားခဲ့သည်။

ကားပျောက်ပြီးမကြာမီ အောက်တိုဘာ ၂၇ ရက် ည ၈ နာရီခွဲခန့်တွင် တိုကျိုရဲစခန်းက အဆိုပါအမှုတိုင်ကြားချက်ကို လက်ခံရရှိခဲ့သည်။ အမှုဖွင့်တိုင်ကြားပြီး မိနစ် ၃၀ အကြာတွင် အဆိုပါယာဉ်ကို ပြန်လည်တွေ့ရှိခဲ့သည်။ အသက် ၅၀ ကျော်အရွယ် ကားခိုးယူခဲ့သူကို ရဲများက ဖမ်းဆီးခဲ့သည်။ မည်သည့်ထိခိုက်မှုတစ်စုံတစ်ရာမျှမရှိကြောင်း သိရသည်။

အင်နိအိတ်ချ်ကေ

မြစ်ကြီးနားမြို့ အရှေ့လယ်ကုန်းရပ်ကွက် သောင်ဦးကျောင်းတိုက်၏ ဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ ဥတ္တရ သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ၏ အန္တိမအဂ်ိုဈာပန အခမ်းအနားကျင်းပပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၈ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အရှေ့လယ်ကုန်းရပ်ကွက် သောင်ဦးကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဥတ္တရ သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ၏ အန္တိမအဂ်ိုဈာပနကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ ပဲ့ဖိတ်ထားသည့်ပြည်နယ်သံဃနာယက အကျိုးတော်ဆောင် ဝန်းသိုကျောင်းတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာ အမှူးပြုသောသံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီး မြေခက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်စောထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ နှင့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို “သမ္မေ သခ်ါရာ အနိစ္စာတိ” အစချီသော သုဠဂါထာကို ရွတ်ဖတ်၍ စတင်ခဲ့ပြီး တက်ရောက်လာကြသူများက ဝန်းသိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကေတုမာလာထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။ ထို့နောက် ဦးဥာဏဝိသိန်း(မန္တလေး)က ဘဝနတ်ထံဝင်စိတော်မူသော သောင်ဦးကျောင်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းအား ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဈာပနကော်မတီဥက္ကဋ္ဌ ပေါ်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာရဒသောင်ဦးကျောင်း ဆရာတော်ကြီး၏ တပည့်ရဟန်းသာမဏေများနှင့် ဒါယကာ၊ ဒါယိကာမများအား ဆရာတော်ကြီးအပေါ်၌ အပြစ်ရှိက ခွင့်လွှတ်ပါရန် တောင်းပန်လွှာကို တိုင်တည်ပေးသည်။

ဇရုပ်ကလာပ်တော်ကို မြစ်ကြီးနား အတိုင်း လှည့်လည်ပူဇော်ခဲ့ပြီး ဈာပနပူဇော ပြုလုပ်ခဲ့ကြောင်း မြို့အတွင်း ဈာပနလမ်းကြောင်း လောင်တိုက်တော်၌ အန္တိမအဂ်ို သတင်းရရှိသည်။ **သတင်းစဉ်**

ဆက်လက်၍ သောင်ဦးကျောင်းတိုက် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို သံဃာတော်များ၊ တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ဒါယကာ၊ ဒါယိကာမများက ယာယီစံကျောင်းမဏ္ဍာပ်သို့ အဆင့်ဆင့်ပင့်ဆောင်ကြသည်။ နေ့လယ် ပိုင်းတွင် ဆရာတော်ကြီး၏ ဥတု

အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၂၆ ဦးအား သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၆၈ ဦး ထပ်မံစစ်ဆေးနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ – ရွှေကုက္ကိုလ်၊ မဲထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၂၆ ဦးအား ယနေ့တွင် မြန်မာ–ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၆၈ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေး အတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ First Secretary Mr. David Leonard Hatumena နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့–မဲထော်သလေး(KK Park) နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ပါကစ္စတန်နိုင်ငံသား ၆၀၊ ကင်ညာနိုင်ငံသား ၅၆ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၄၁ ဦးနှင့် အိန္ဒိယနိုင်ငံသား ၁၁ ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၆၈ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာလ ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၆၄၀ ထိန်းသိမ်းနိုင်ခဲ့ကာ ၁၀၂၈၇ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အောင်လံမြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

အောင်လံ အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ ယနေ့နံနက် ၉ နာရီက အောင်လံမြို့ တရော်ကုန်းရပ်ကွက် အောင်မြေရွှေဝါခန်းမ၌ပြုလုပ်ရာ အခမ်းအနားသို့ သရက်ခရိုင်တို့မှ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊

ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပိုးသတ်ဆေးကုမ္ပဏီဝန်ထမ်းများ၊ ပိုးသတ်ဆေးရောင်းချသူလုပ်ငန်းရှင်များနှင့် တောင်သူများ တက်ရောက်သည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွန်းက အမှာစကားပြောကြားကာ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာပညာရှင်များက သီးနှံထွက်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် ပိုးသတ်ဆေးသုံးစွဲရာတွင် စနစ်တကျသုံးစွဲရေးနှင့် ဘက်စုံသီးနှံကာကွယ်ရေးနည်းစနစ်များအား ကျင့်သုံးဆောင်ရွက်နိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုရေး၊ မြေဆီလွှာအာဟာရဓာတ်များ ဖြည့်သွင်းပေးရေး၊ သဘာဝမြေဩဇာနှင့် သစ်စိမ်းမြေဩဇာများ ထည့်သွင်းအသုံးပြုရေး၊ ဓာတ်မြေဩဇာစနစ်တကျ အချိန်နှင့်ကိုက်အချိုးကျ သုံးစွဲရေးအကြောင်းများကို ပညာပေးဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားကာ ပညာပေးစာအုပ်နှင့် စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**

ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများပူးပေါင်းပြီး အောက်တိုဘာ ၂၈ ရက်က အမှတ်(၇) ရပ်ကွက်အတွင်းရှိ လူနေအိမ်များတွင် လျှပ်စစ်ပစ္စည်းများထားရှိမှုနှင့် မီးဘေးလုံခြုံရေး လုပ်ငန်းများဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေးစဉ်။ မိုးစက်(ဘိုကလေး)

ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၂၈ ရက် ညဉ်းဝင်းတွင် ဧရာဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

လေးစားအပ်ပါသော မိဘပြည်သူများ မင်္ဂလာအပေါင်းနဲ့ ပြည်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်က ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီ ဖြစ်ပါတယ်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်ကစပြီး ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို စတင်ကျင်းပမှာဖြစ်ပါတယ်။

လာမယ့်ရွေးကောက်ပွဲဟာ လွတ်လပ်တရားမျှတပြီး မှတ်ကျောက်တင်နိုင်တဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်အောင် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ချက်နဲ့အတူ နိုင်ငံတော်အစိုးရနဲ့ ရွေးကောက်ပွဲကော်မရှင်တို့က ပြည်တွင်း/ပြည်ပ လေ့လာစောင့်ကြည့်ရေးအဖွဲ့များကို ဖိတ်ခေါ်ပြီး ပွင့်လင်းမြင်သာစွာဆောင်ရွက်သွားမှာဖြစ်လို့ ပေါ်ထွက်လာမယ့် ရွေးကောက်ပွဲရလဒ်နဲ့ အစိုးရသစ်သည်လည်း တရားဝင်မှုကို ရှိစေမှာဖြစ်ပါတယ်။

မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-

လာမယ့်ရွေးကောက်ပွဲအတွက် ကျွန်တော်တို့ ပါတီရဲ့ဆောင်ပုဒ်က "ပိုမိုခိုင်မာပြည်ဖြန်မာ" ဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ဝယ်ရရှိထားပြီးဖြစ်တဲ့ အခြေခံကောင်းတွေအပေါ်မူတည်ပြီး ပိုမိုခိုင်မာအင်အားတောင့်တင်းလုံခြုံအေးချမ်းတဲ့နိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်ရမယ်ဆိုတဲ့ နိမိတ်ပုံကိုယူပြီး သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ လွန်ခဲ့တဲ့ (၃)နှစ်တာကာလအတွင်း ပြည်သူလူထုရဲ့ အဓိကလိုအင်ဆန္ဒတွေကို စနစ်တကျစုလေ့လာပြီး ပါတီတာဝန်ရှိသူတွေက ဘာသာရပ်ဆိုင်ရာ လက်တွေ့ကျမ်းကျင်သူတွေကို ဖိတ်ကြားခဲ့၍ ကြိမ်ဖန်ဖန်များစွာ ဆွေးနွေးကြပြီး နိုင်ငံတော်ရဲ့ အနာဂတ်အစီအမံတွေကို ဆွေးနွေးအဖြေရှာခဲ့ကြပါတယ်။ ကျွန်တော်တို့ရဲ့ ဆွေးနွေးချက်တွေဟာ ဒို့တာဝန်အရေးသုံးပါးကို အခြေခံပြီး ကဏ္ဍစုံ၊ နယ်ပယ်စုံ ဆွေးနွေးခဲ့ကြတာ ဖြစ်လို့ ပါတီရဲ့အနာဂတ်အစီအမံ ကတိကဝတ်တွေအဖြစ် ပါတီရဲ့ရွေးကောက်ပွဲ ကြေညာစာတမ်းမှာ အပြည့်အစုံဖော်ပြထားပြီးဖြစ်ပါတယ်။

ပထမဦးဆုံး ကျွန်တော်တို့လုပ်ရမယ့် လုပ်ငန်းစဉ်ကတော့ နိုင်ငံတော်ကဏ္ဍအသီးသီးရဲ့ လက်ရှိအခြေအနေတွေကို ပြည်တွင်းကျမ်းကျင်ပညာရှင်တွေနဲ့ "လေ့လာ၊ သုံးသပ်၊ ဆန်းစစ်ခြင်း" လုပ်ငန်းကို စတင်ပြုလုပ်သွားမှာဖြစ်ပါတယ်။ အဲဒီကတစ်ဆင့် ဦးစားပေးကဏ္ဍအလိုက် ထုတ်နုတ်ပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ပါတီရဲ့ နိုင်ငံအတွက် အခြေခံစဉ်းစားချက်ဖြစ်ပါတယ်။

ဒီနေ့တင်ပြချက်တွေဟာ အချိန်ကန့်သတ်ချက်အရ ပြည်သူတွေရဲ့ အဓိက လိုလားချက်တွေဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးနဲ့ အေးချမ်းစွာနေထိုင်လိုမှု၊ အခြေခံစားဝတ်နေရေးအဆင့်ပြေစေလိုမှု စတာတွေကို အဓိကထားပြောကြားမှာဖြစ်ပြီး ဆက်စပ်ပတ်သက်နေတဲ့ နယ်ပယ်ကဏ္ဍတချို့ကိုပါ အကျဉ်းချုပ် ထုတ်နုတ်တင်ပြသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ကာကွယ်ရေးနဲ့ပတ်သက်ရင် တပ်မတော်နဲ့ အစဉ်လက်တွဲပြီး ကူညီပံ့ပိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးကဏ္ဍနဲ့ ပတ်သက်လာရင် တရားဥပဒေစိုးမိုးရေး အင်အားစုတွေလို့ခေါ်ရတဲ့ မြန်မာနိုင်ငံရဲ့တပ်မဟို့၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားစုကိုးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အခွန်ဦးစီးဌာန၊ တရားရေးဌာနနဲ့ ဥပဒေဌာန စသည်ဖြင့် များစွာသော အဖွဲ့အစည်းတွေနဲ့ ဘက်စုံထောင့်စုံ ပီပီပြင်ပြင် ချိတ်ဆက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့တပ်မဟို့ကို ခေတ်မီစနည်းပညာတွေ ဖြည့်တင်းပြီး အင်အားတိုးမြှင့်ခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်သော လုံခြုံရေးစနစ်ကို တည်ဆောက်ခြင်း၊ ရဲတက္ကသိုလ်လိုစစ်ဆေးပြီး အကြမ်းဖက်မှု၊ ပြည်တွင်းလုံခြုံရေးနဲ့ မူခင်းနှိမ်နင်းရေးကို အရည်အသွေးပြည့်မီစွာ ထမ်းဆောင်နိုင်ဖို့ စီမံဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လက်ရှိဖွဲ့စည်းပုံမှာ လိုအပ်နေတဲ့ တိရစ္ဆာန်များ စနစ်တကျ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးရဲတပ်ဖွဲ့၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနယ်မြေ ထိန်းသိမ်းစောင့်ရှောက်ရေး ရဲတပ်ဖွဲ့အပါအဝင် လိုအပ်သော လုံခြုံရေးအဖွဲ့အစည်းတွေကို တိုးချဲ့ဖွင့်လှစ်သွားပါမယ်။

ရဲစခန်းတစ်ခုပိုင်နယ်မြေအတွင်းမှာရှိတဲ့ အိမ်ရာတိုင်းကို သက်ဆိုင်ရာ နယ်မြေရဲစခန်းနဲ့ ချိတ်ဆက်မှုစနစ်များ တည်ဆောက်ထားခြင်း၊ အနီးဝန်းကျင် ရှိ ရဲစခန်းအချင်းချင်း အချိန်နဲ့တစ်ပြေးညီ ကွန်ရက်ဆက်သွယ်မှုစနစ်ကို ထူထောင်ခြင်းတွေ ပြုလုပ်ပြီး တရားဥပဒေစိုးမိုးရေးနဲ့ ရာဇဝတ်မှုနိမ့်နင်းခြင်းတွေကို ပိုမိုအားဖြည့် ဆောင်ရွက်သွားပါမယ်။

အုပ်ချုပ်ရေးကဏ္ဍမှာ အစိုးရအုပ်ချုပ်ရေးစနစ်အသွင်မှ ပြည်သူ့အုပ်ချုပ်ရေး စနစ်အသွင်သို့ ပြောင်းလဲခြင်း၊ ဟန့်တားကြန့်ကြာစေတဲ့ ကြိုးနီစနစ်တွေကို ဖယ်ရှားပစ်ခြင်း စတာတွေကို အထူးအလေးထား ဆောင်ရွက်သွားပါမယ်။

တရားစီရင်ရေးကဏ္ဍမှာ ဘက်လိုက်မှု၊ ကြန့်ကြာမှု၊ အဂတိမှုတွေ မဖြစ်ပေါ်စေရေးအတွက် စနစ်တကျစောင့်ကြည့်လေ့လာရေး ယန္တရားတစ်ရပ် ထူထောင်ပြီး လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာအောင် ဆောင်ရွက်သွားပါမယ်။

နိုင်ငံသားတိုင်းဟာ ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေတွေရဲ့အကာအကွယ်ကို အပြည့်အဝခံစားရရှိစေဖို့ ဆောင်ရွက်သွားပါမယ်။

အခြေခံစားဝတ်နေရေး အဆင်ပြေစေရေးနဲ့ပတ်သက်ပြီး ကုန်ဈေးဦးဆင်းမှု လျင်မြန်စွမ်းဆောင်ရည်ရှိစေရေး၊ ဝန်ဆောင်မှုလုပ်ငန်းတွေကို တိုးချဲ့ဖြင့်တင်ခြင်း၊ ကျေးလက်ဒေသတွေမှာ လူတိုင်း လက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှုစနစ် လွှမ်းခြုံနိုင်မှုကို ပိုမိုကျယ်ပြန့်အောင် ဆောင်ရွက်ခြင်း၊ နိုင်ငံတော်/ပြည်သူ့ပုဂ္ဂလိက၊ ပရဟိတစတဲ့ အဖွဲ့အစည်းတွေ ပူးပေါင်းပါဝင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ထူထောင်ခြင်း၊ ပြည်သူ့ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးလုပ်သားများ ဖြည့်တင်းခြင်း၊ ဆေးကုသမှု စရိတ်များ သက်သာအောင်ဆောင်ရွက်ခြင်း၊ ဖြည့်တင်းပေးခြင်းတွေကို တိုးဖြင့် ဆောင်ရွက်သွားပါမယ်။

ပြည်တွင်း/ပြည်ပမှ ထုတ်လုပ်တင်သွင်းတဲ့ စားသောက်ကုန်တွေကို ကျန်းမာရေးနဲ့ ညီညွတ်စေဖို့အတွက် အစားအသောက် ဆေးပါးစစ်ဆေးရေး အဖွဲ့အစည်း(FDA)ကဲ့သို့သော အဖွဲ့အစည်းတွေကို တိုးချဲ့ဖွဲ့စည်းပြီး ကြပ်မတ် ဆောင်ရွက်သွားပါမယ်။

ခရီးသွားလုပ်ငန်းမှ ဝင်ငွေတိုးမြှင့်စေရေးအတွက် ခရီးသွားလုပ်ငန်း အေဂျင်စီများ၊ ပြည်ပရှိ မြန်မာသံရုံးများနဲ့ချိတ်ဆက်ပြီး ခရီးသွားများပြား လာအောင် ဆောင်ရွက်ခြင်း၊ ခရီးသွားစည်သည်များအတွက် လုံခြုံပြီး ဆွဲဆောင်နိုင်မှုရှိတဲ့ နေရာတွေနဲ့ အဆင့်မီအပန်းဖြေနေရာတွေ၊ တည်းခိုနေရာတွေ၊ လွယ်ကူကောင်းမွန်တဲ့ သယ်ယူပို့ဆောင်ရေးစနစ်တွေ၊ ဆက်သွယ်ရေး စနစ်တွေ၊ ပြည်ဝင်စီဇာစနစ်တွေကို ဖြည့်ဆည်းဆောင်ရွက်သွားပါမယ်။

နိုင်ငံအတွင်းရှိ တန်ဖိုးမြင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေ ကာကွယ်ထိန်းသိမ်းရေးနဲ့ နိုင်ငံတော်က တရားဝင်ဈေးကွက်ရရှိရေး အစီအမံတွေ ချမှတ်ဆောင်ရွက်သွားပါမယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်ရင် နိုင်ငံတော်က မူအား ဖြင့် သဘောတူညီထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒို့တာဝန်အရေး(၃)ပါးကို အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ဖြည့်စွက်ရေးတွေကို နိုင်ငံရေး နည်းလမ်းနဲ့ စဉ်ဆက်မပြတ် ညှိနှိုင်းလုပ်ဆောင်သွားပါမယ်။

တိုင်းရင်းသားရေးရာကဏ္ဍမှာ တိုင်းရင်းသားတွေရဲ့ ဘာသာစကား၊စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု စတာတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဖြင့်တင်ဆောင်ရွက်ခြင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အရှိန်အဟုန် မြှင့်တင်ခြင်း၊ မတူကွဲပြားခြားနားခြင်းကို အင်အားအဖြစ် တည်ဆောက်ကာ ဤမြေ ဤရေကို အတူတကွ ပူးပေါင်းပိုင်ဆိုင်သူများအဖြစ်ခံယူပြီး လုပသော အနာဂတ်အတွက် လက်တွဲဆောင်ရွက်ရေးကို အလေးပေးဆောင်ရွက်သွားပါမယ်။

ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကဏ္ဍဟာ အချိန်ယူပြီး တစ်ဆင့်ချင်း တည်ဆောက်သွားရမယ့် လုပ်ငန်းစဉ်ဖြစ်ပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းနိုင်ရေး၊ အားလုံးပါဝင်နိုင်ရေး စတဲ့ဆောင်ရွက်ဆဲနိုင်ငံရေး ယဉ်ကျေးမှုအတိုင်း တစ်ဆင့်ချင်း ပိုမိုဝိုင်ပြင် အောင် ဆောင်ရွက်သွားပါမယ်။

မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-

ကျွန်တော်တင်ပြလိုသည်များမှာ အများအပြား ကျန်ရှိနေပါသေးတယ်။ အခုတင်ပြတဲ့ ခေါင်းစဉ်တစ်ခုချင်းစီဟာလည်း အသေးစိတ်အခြေအနေတွေကို ဖော်ပြနိုင်ခြင်းမရှိသေးပါဘူး။ ကျွန်တော်တို့ပါတီအနေနဲ့ ထိရောက်ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှု၊ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာ ဆက်ဆံရေးနယ်ယံကို ပိုမိုကျယ်ဝန်းကောင်းမွန်လာအောင် လုပ်ဆောင်နိုင်မှု စွမ်းရည်များရှိခဲ့ကြောင်း အတိတ်သမိုင်းကြောင်းက အခိုင်အမာသက်သေပြ ဆိုခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံ့တာဝန်အမျိုးမျိုးကို ထမ်းဆောင်ခဲ့ဖူးသူတွေလည်း ပါတီမှာ အများအပြားရှိနေဆဲဖြစ်ပါတယ်။

ဒါကြောင့် ခိုင်မာသောဦးဆောင်မှုနဲ့ ကျွမ်းကျင်အားကောင်းသော အင်အားကြီးအဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နေတဲ့ ကျွန်တော်တို့ ပြည်ထောင်စု ကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ထောက်ခံအားပေး၊ မဲပေးခြင်းဖြင့် "ပိုမိုခိုင်မာ ပြည်ဖြန်မာကြီး"ကို အားလုံးဝိုင်းဝန်း တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ အနာဂတ်အစီအမံတွေကို အကောင်အထည်ဖော်ရာမှာ လုပ်ငန်းစဉ်တွေ အတိအကျရှိပြီးဖြစ်ပါတယ်။ အသေးစိတ်ကျယ်ပြန့်စွာဆွေးနွေးလိုသူ အားလုံးအတွက် အချိန်အခါမရွေး ဖိတ်ခေါ်ကြိုဆိုလျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို လေးစားကျေးဇူးတင်ရှိပါကြောင်း ခင်ဗျား။

ပါတီသီချင်းစာသား

ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့
ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့
ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့
ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့
ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပြည်သူတွေ လိုအပ်ချက်ကို ဖြည့်ဆည်းဖို့လာပြီ
ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပြည်သူတွေ လိုအပ်ချက်ကို ဖြည့်ဆည်းဖို့လာပြီ ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့
ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့

ဒေသနဲ့ကိုက်ညီတဲ့ စိုက်ပျိုးထွက်ကုန်ကို မြှင့်တင်ရင်း လူမှုဘဝမြင့်မားလာခဲ့တဲ့ တရုတ်နိုင်ငံအနောက်တောင်ပိုင်းက ဟွန်ဆာလာကျေးရွာ

ခင်ရတနာ

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ပန်းကျစ်ဟွားမြို့ ရမ်ဟီခရိုင်က ဟွန်ဆာလာရွာ (Hunsala)ဟာ တိုင်းရင်းသားတွေ အများဆုံးနေထိုင်တဲ့ ရွာလေးတစ်ရွာ ဖြစ်ပါတယ်။ အိမ်ထောင်စု အားလုံးရဲ့ ၉၀ ရာခိုင်နှုန်းဟာ ခေတ်မီနေအိမ်တွေကို ပိုင်ဆိုင်ထားကြပြီး မိသားစု ၈၀ ရာခိုင်နှုန်းဟာ ကိုယ်ပိုင်ကားကိုယ်စီနဲ့၊ ကျေးရွာဟာလည်း ခေတ်မီစံပြကျေးရွာအဖြစ် အောင်မြင်စွာ ရပ်တည်နေတာကို မြင်တွေ့ရပါတယ်။ သူတို့က အစဉ်အဆက် ချမ်းသာကြွယ်ဝကြသလား၊ သူတို့ဘာကြောင့် အခုလို အောင်မြင်နေသလဲဆိုတာ စိတ်ဝင်စားဖွယ်ကောင်းပါတယ်။

ပန်းကျစ်ဟွားမြို့ကနေ မော်တော်ကားနဲ့ တောင်ပေါ်လမ်းတွေဆီ နှစ်နာရီလောက် မောင်းနှင်လိုက်တဲ့ အခါ မြူနှင်းနဲ့တောင်နိုးတွေအကြားက လေ့ကားထစ်စိုက်ခင်းတွေကို တစ်မျှော်တစ်ခေါ် မြင်တွေ့ရပါတယ်။ အဲဒီအပင်တွေက ခေတ်မီစနစ်နဲ့ စနစ်တကျ သုတေသနပြုစိုက်ပျိုးထားတဲ့ သရက်စိုက်ခင်းတွေပဲ ဖြစ်ပါတယ်။ လူတစ်ရပ်သာသာ ကိုင်းဆက်သရက်ပင်ပုတွေမှာ ကြီးမားလှပတဲ့ သရက်သီးတွေ နေရာယူလျက်ရှိပြီး ပိုးသတ်ဆေးဖျန်းတာ၊ အစိုခတ်ထိန်းသိမ်းတာ စတဲ့လုပ်ဆောင်ချက်တွေကို လူအားအပြင် စိုက်ပျိုးရေးလုပ်ငန်းသုံး ဒုရန်းအသုံးပြုပြီး စနစ်တကျ ဆောင်ရွက်နေတာပါ။

ဒီလို အောင်မြင်မှုတွေရဲ့အစက ၁၉၃၈ ခုနှစ်မှာ Ni Kun လို့ခေါ်တဲ့ လူငယ်လေးက မြင်းနဲ့ ခရီးထွက်ရင်း ဆစ်ဆောင်ပန္နားက သရက်စေ့ကလေးကို သူ့ရဲ့ရမ်ဟီမြို့နယ်က လီဆင်းရွာခြံဝင်းအတွင်း စိုက်ပျိုးရာကစခဲ့ပါတယ်။ အဲဒီအပင်က သူတို့ဒေသရဲ့ ပထမဆုံး သရက်ပင်ဖြစ်ပြီး သရက်သီးရဲ့ ချိုမြိန်တဲ့ အရသာ၊ ဒေသနဲ့ကိုက်ညီမှုတွေကိုသိလာပြီး သူတို့ဒေသရဲ့အောင်မြင်မှုအတွက် သရက်သီးကို တွင်တွင်ကျယ်ကျယ်စိုက်ပျိုးခြင်းက ဒီဒေသရဲ့ ကြွယ်ဝချမ်းသာမှုအတွက် ခရီးအစဖြစ်ပါတယ်။

“မူလက မဖွံ့ဖြိုးတဲ့ ကျေးရွာပါ။ တောင်ပေါ်မှာ ရှိပြီး ၁၉၈၀ ပြည့်လွန်ကာလတွေက ရွာသားတွေရဲ့ တစ်ဦးချင်းတစ်နှစ်ဝင်ငွေက ယွမ် ၂၀၀ အောက်သာ ရှိခဲ့ဖူးတယ်။ အခုအချိန်မှာတော့ သရက်စိုက်ပျိုးရေးနဲ့ ကျေးလက်ခရီးသွားလုပ်ငန်းတွေ အောင်မြင်လာတာနဲ့အတူ သရက်တောင်သူတွေရဲ့ တစ်ဦးချင်းတစ်နှစ်ဝင်ငွေက ယွမ် ၆၅၁၀ အထိ ရှိလာခဲ့တယ်”လို့ ကျေးရွာပြတိုက်ရဲ့တာဝန်ရှိသူက ရှင်းပြပါတယ်။

၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှာ အဲဒီရွာလေးဟာ သရက်ကို တွင်တွင်ကျယ်ကျယ် စတင်စိုက်ပျိုးခဲ့ပါတယ်။ ဟွန်ဆာလာရွာက အရည်အသွေးအမြင့်ဆုံး ထုတ်လုပ်မှုအခြေစိုက်ရာ နေရာလို့ဆိုနိုင်ပြီး ပေါင်းစပ်သရက်မျိုးစိတ်တွေကို စမ်းသပ်စိုက်ပျိုးရင်း သရက်စိုက်ပျိုးမှုက ၁၃၃၃ ဟက်တာအထိ ရှိလာခဲ့ပါတယ်။ ပန်းကျစ်ဟွားဒေသ သရက်သီး အထွက်နှုန်းက တစ်နှစ်ကို တန်ချိန် ၅၄၀၀၀၀ ရှိပြီး အထွက်နှုန်းတန်ဖိုးအနေနဲ့ ယွမ် ၄ ဒသမ ၁၇ ဘီလီယံလို့ သိရပါတယ်။

ဒီရွာလေးမှာ နိုင်ငံအသီးသီးက သရက်မျိုးပေါင်း ၂၆၀ ကို စုဆောင်းထားပြီး သရက်မျိုး ၂၀ ကျော်ကို အဓိက စိုက်ပျိုးပါတယ်။ သရက်သီးထုတ်လုပ်မှုအတွက် မိုးလေဝသစခန်း နှစ်ခု၊ အပင်ကာကွယ်ရေးလုပ်ငန်းတွေ၊ စိုက်ပျိုးရေးသုံး ဒုရန်းအသုံးပြုမှုတွေနဲ့ သရက်သီးဖွံ့ဖြိုးမှုထောက်ပံ့ရေးစင်တာ၊ သီးနှံကုန်ချောစက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံး စောင့်ကြည့်စနစ်၊ ရေချွေတာမှုရှိစေမယ့် စိုက်ပျိုးမြေဖန်တီးမှုစနစ်စတာတွေကိုလည်း မြင်တွေ့ခဲ့ရပါတယ်။

ကျေးရွာစီမံချက်အဖြစ် ကျေးရွာပါတီဌာနခွဲက ပါတီဝင်တစ်ဦးကနေ တောင်သူ ၁၀ ဦးကို သရက်စိုက်ပျိုးဖို့၊ ဥယျာဉ်ခြံစီမံခန့်ခွဲဖို့နဲ့ ပိုးမွှားထိန်းချုပ်ခြင်းဆိုင်ရာ နည်းပညာအကူအညီတွေကို အခမဲ့ပံ့ပိုးပေးဖို့ ဦးဆောင်ပေးလျက်ရှိပါတယ်။ ဒုံအပြင် ပိုးသတ်ဆေးသုံးစွဲမှုလျော့ချဖို့၊ သရက်သီးအိတ်တွေနဲ့ စိုက်ပျိုးရေးသွင်းအားစုတွေ ပြန်လည်အသုံးပြုနိုင်ဖို့၊ အရည်အသွေးမြှင့်တင်ဖို့အတွက် ဂေဟစနစ်ကို လည်း ကာကွယ်ဖို့ ပညာပေးအစီအစဉ်တွေကိုလည်း မပြတ်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

အတန်းလိုက် စိုက်ပျိုးထားတဲ့ သရက်ပင်တွေဟာ တောင်စောင်းတွေမှာ၊ တောင်ပေါ်မြေပြန့်

တစ်လျှောက်မှာ မျက်စိတစ်ဆုံးတွေ့မြင်ရပါတယ်။ ကျေးရွာတာဝန်ရှိသူတွေက အာရုံ–ပစိဖိတ်ဒေသက သတင်းထောက်တွေကို လတ်ဆတ်တဲ့ သရက်သီး၊ သလဲသီး၊ စောင်းလျားသီး၊ ခရမ်းချဉ်သီးတွေနဲ့ ဧည့်ခံသလို တန်ဖိုးမြှင့်ထုတ်ကုန် သရက်သီးခြောက်နဲ့ အေးခဲအခြောက်ခံထားတဲ့ ပုံသဏ္ဌာန်မပျက် သရက်သီးခြောက်တွေကိုလည်း ကျွေးမွေးခဲ့ပါတယ်။ သရက်သီးမှည့်ရဲ့ အရသာကတော့ မြန်မာမျိုးရင်း စိန်တစ်လုံးနဲ့ ယှဉ်ရင် အချိုပေါ့ပြီး အသားပိုထူတာကို သတိပြုမိပါတယ်။

မြန်မာနိုင်ငံဟာလည်း သရက်သီးကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နှစ်သက်စွာ စားသုံးကြပြီး ပြည်ပကိုလည်း တင်ပို့ရောင်းချပါတယ်။ မြန်မာနိုင်ငံက သရက်ရဲ့ မူရင်းဒေသဖြစ်တဲ့အလျောက် သရက်မျိုးပေါင်း ၂၀၀ နီးပါးရှိပါတယ်။ ပြည်ပတင်ပို့ရာမှာ စွေးကွက်ရဲ့ ၇၀ ရာခိုင်နှုန်းလောက်က တရုတ်နိုင်ငံ

ကို တင်ပို့နေတာဖြစ်ပြီး အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူနိုင်ငံတွေကို တင်ပို့ပါတယ်။ ယခုနှစ်အတွင်းမှာ ရုရှားနဲ့ တောင်ကိုရီးယားကို တင်ပို့ဖို့အတွက် ဆွေးနွေးညှိနှိုင်းနေတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိက သရက်သီးပယ်လက်ဖြစ်တဲ့ တရုတ်နိုင်ငံမှ သရက်စိုက်ခင်းတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မြင်တွေ့ရတဲ့အခါ မိမိတို့ရဲ့စိုက်ပျိုးရေးလုပ်ငန်းစဉ်တွေ၊ တင်ပို့မှု အခြေအနေတွေကိုလည်း စဉ်ဆက်မပြတ် အဆင့်မြှင့်တင်ဖို့လိုအပ်နေပြီဆိုတဲ့ အတွေးတစ်ခု ဖြစ်ပေါ်မိပါတယ်။

၂၀၂၄ ခုနှစ် ဇူလိုင်လက ထုတ်ပြန်တဲ့ Asia Sea

Story ရဲ့ ကမ္ဘာ့အကောင်းဆုံး သရက်သီး ၁၀ မျိုးမှာ မြန်မာမျိုးရင်း စိန်တစ်လုံးသရက်သီးလည်း ပါဝင်သလို ရွှေဟင်္သာ၊ မြကျောက်နဲ့ ရင်ကွဲမျိုးတွေဟာလည်း ထင်ရှားပြီး လူကြိုက်များတဲ့ မြန်မာမျိုးရင်းတွေပါ။ ၂၀၁၂ ခုနှစ်ရဲ့ စာရင်းဇယားတွေအရ မြန်မာနိုင်ငံမှာ သရက်စိုက်ပျိုးမှု ဧရိယာက ဟက်တာ ၈ သောင်းနီးပါးရှိတယ်လို့သိရပြီး ပျမ်းမျှအထွက်နှုန်းကတော့ ၇ ဒသမ ၁ တန် ဖြစ်ပါတယ်။

မြန်မာ့သရက်သီးအနေနဲ့ ပြည်ပတင်ပို့ရာမှာ အရည်အသွေး အားနည်းချက်၊ ထုပ်ပိုးမှုအားနည်းချက်အချို့ကြောင့် စွေးကောင်းမရရှိတာ၊ ငြင်းပယ်ခံရတာမျိုးကိုလည်း ကြားခဲ့ရဖူးပါတယ်။ စိုက်ပျိုးရေးနည်းပညာအားနည်းချက်၊ ပြည်ပစွေးကွက် ယှဉ်ပြိုင်မှုအနေအထားနဲ့ ပို့ကုန်စည်းကမ်းပိုင်းဆိုင်ရာ မကျွမ်းဝင်မှုတွေအပြင်၊ နယ်မြေမငြိမ်းချမ်းတာတွေကြောင့် နယ်စပ်ကုန်သွယ်ရေးထိခိုက်မှုတွေက နိုင်ငံတကာစွေးကွက်တင်ပို့ရာမှာ လက်ရှိအချိန်အထိ စိန်ခေါ်မှုများအဖြစ် ရှိနေပါသေးတယ်။ သရက်သီးဝင်းမှည့်စေဖို့ ဓာတုဆေးတို့တာ၊ ဆေးစိမ်တာမျိုးတွေကြောင့် အသီးလှသော်လည်း အရသာ၊ အရည်အသွေး ပျက်ယွင်းပြီး ဝယ်လက်အချို့ဆုံးရှုံးခဲ့ရပါတယ်။ လက်ရှိမှာ ပညာပေးကုစားတာတွေကို စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနဲ့ စားသုံးသူရေးရာ စတဲ့ ဌာနအသီးသီးက လုပ်ဆောင်နေတာတွေလည်း မြင်တွေ့ရပါတယ်။

မှန်ကန်တဲ့ စိုက်ပျိုးရေးစနစ်ဖြစ်စေဖို့၊ တရားဝင် မှတ်ပုံတင်စိုက်ပျိုးနိုင်ဖို့နဲ့ နိုင်ငံတကာ သတ်မှတ်ချက်တွေဖြစ်တဲ့ အပင်ပိုးမွှားကင်းရှင်းမှု ဆောင်ရွက်ချက်တွေ၊ ထုပ်ပိုးတာနဲ့ ခူးဆွတ်ရာမှာ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေ၊ မြေဩဇာအသုံးပြုမှု၊ ပိုးသတ်ဆေးအသုံးပြုမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကိုလည်း မိမိတို့နိုင်ငံမှာ ကျယ်ကျယ်ပြန့်ပြန့် စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

သရက်စိုက်ပျိုးထုတ်လုပ်သူတွေဟာ သရက်ပျဉ်၊ သရက်ခြောက်၊ အေးခဲသရက်အနှစ်တွေ ထုတ်လုပ်လာကြတာ မြင်တွေ့ရပေမယ့် တန်ဖိုးမြှင့်ထုတ်ကုန်တွေကို တွင်တွင်ကျယ်ကျယ် ပြည်ပတင်ပို့နိုင်ခြင်း မရှိသေးတာကိုလည်း တွေ့ရှိရပါတယ်။

ဟွန်ဆာလာရွာအကြောင်းဆက်ရရင် သရက်ခင်းတွေနဲ့ အခြားသီးနှံစိုက်ခင်းတွေကို လာရောက်အပန်းဖြေလေ့လာနိုင်ကြဖို့ ခရီးသွားလုပ်ငန်းကိုပူးတွဲဆောင်ရွက်လျက်ရှိပြီး ကျေးလက်ခရီးသွားလုပ်ငန်းကနေ ကျေးရွာအတွက် တစ်နှစ်ကို ယွမ် နှစ်သန်းကျော် ဝင်ငွေရရှိနေပြီလို့ တာဝန်ရှိသူတွေထံက သိရပါတယ်။ မိမိတို့နိုင်ငံမှာ CBT ကျေးရွာ အခြေပြုခရီးသွားလုပ်ငန်းတွေနဲ့ ရွှေမျောမဆုံးတဲ့ စိုက်ခင်းတွေကို ကြိုးစားလုပ်ဆောင်ခဲ့ပေမယ့် မငြိမ်မသက်မှုတွေကြောင့် တစ်ခန်းရပ်ခဲ့ရတဲ့အကြောင်း စဉ်းစားရင်း နှမြောမဆုံး ဖြစ်မိပါတယ်။ အထွေထွေ ရွေးကောက်ပွဲကြီးအပြီးမှာတော့ နိုင်ငံရေးတည်ငြိမ်မှုရှိလာတာနဲ့အမျှ ကျေးလက်ဖွံ့ဖြိုးမှုတွေကို ပြန်လည်ဖြင်တွေ့ရဦးမယ်လို့ ယုံကြည်မျှော်လင့်ရင်း ဟွန်ဆာလာရွာရဲ့ အပြန်ခရီးတစ်လျှောက် အတွေးများစွာ ကျန်ရစ်မိပါတော့တယ်။



“အတန်းလိုက် စိုက်ပျိုးထားတဲ့ သရက်ပင်တွေဟာ တောင်စောင်းတွေမှာ၊ တောင်ပေါ်မြေပြန့်တစ်လျှောက်မှာ မျက်စိတစ်ဆုံးတွေ့မြင်ရ၊ ကျေးရွာတာဝန်ရှိသူတွေက အာရှ–ပစိဖိတ်ဒေသက သတင်းထောက်တွေကို လတ်ဆတ်တဲ့ သရက်သီး၊ သလဲသီး၊ စောင်းလျားသီး၊ ခရမ်းချဉ်သီးတွေနဲ့ ဧည့်ခံသလို တန်ဖိုးမြှင့်ထုတ်ကုန် သရက်သီးခြောက်နဲ့ အေးခဲအခြောက်ခံထားတဲ့ ပုံသဏ္ဌာန်မပျက် သရက်သီးခြောက်တွေကိုလည်း ကျွေးမွေးခဲ့၊ သရက်သီးမှည့်ရဲ့ အရသာကတော့ မြန်မာမျိုးရင်း စိန်တစ်လုံးနဲ့ယှဉ်ရင် အချိုပေါ့ပြီး အသားပိုထူတာကို သတိပြုမိ”

လူငယ်ရေးရာ ဟောပြောပွဲနှင့် လူငယ်စစ်တမ်းဖြေဆိုခြင်း ဆွေးနွေးပွဲကျင်းပ

မကွေး အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စစ်တမ်းဖြေဆိုခြင်း ဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က မကွေးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး မြန်မာ့ပုံရိုပ် ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာဇော်ဦးက လူငယ်မဟာဗျူဟာဖိုရမ် ၂၀၂၅ ပါပထဝီ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် အဆင့်မြင့် ပညာရေးတွင် သုတေသနအရေးပါမှုအကြောင်း အရာများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် လူငယ်ကိုယ်စားလှယ်များနှင့် ကျောင်းသား ကျောင်းသူများက လူငယ်စစ်တမ်းများကို ဖြေဆိုကြပြီး စစ်တမ်းစစ်ဆေးတွေ့ရှိချက်အချို့နှင့် သုတေသနအခွင့် အလမ်းများအကြောင်းကို မြန်မာ့ပုံရိုပ်ဖော်ညွှန်းရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

မော်လမြိုင်ကျွန်းမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပံ့ပိုးငွေပေးအပ်

မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၈

မော်လမြိုင်ကျွန်းမြို့နယ်၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား (MCCT)ပံ့ပိုးငွေပေးအပ်ခြင်းကို အောက်တိုဘာ ၂၇ ရက်က မြန်မာ့စီးပွားရေးဘဏ်၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဇင်မနှင့် မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းတို့က MCCTတွင် အကျုံးဝင်သည့် ကိုယ်ဝန်ဆောင်မိခင် ၁၆၅၉ ဦးနှင့် အသက် (၂)နှစ်အောက် ကလေးသူငယ် ၃၄၂၉ ဦးတို့အတွက် ငွေကျပ် ၄၆၉၂၀၀၀၀ကို ပံ့ပိုးငွေပေးအပ်ခြင်းလုပ်ငန်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်(၁) ဗိုလ်မှူးမင်းလွင်၊ အဖွဲ့ဝင် (၃)ဦးစောဝဏ္ဏာ၊ အတွင်းရေးမှူး ရဲဂျူး မိုးစိန်နှင့် အဖွဲ့ဝင် ဒေါ်မာမာစန်းတို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

ပြည်ပပို့ကုန်သီးနှံဖြစ်သည့် ငှက်ပျောသီးနှံတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး နည်းပညာပေးဆွေးနွေး

မြစ်ကြီးနား အောက်တိုဘာ ၂၈

ကချင်ပြည်နယ်အတွင်း အရည်အသွေးမြင့်မားသည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပေး ဆွေးနွေးပွဲကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပသည်။

အဆိုပါ နည်းပညာပေးရေးဆွေးနွေးပွဲတွင် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းစိုးက အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်သီးနှံကာကွယ်ရေးဌာန ခွဲ တာဝန်ခံက ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် ဖျက်ပိုးများကို ဘက်စုံကာကွယ်ရေးနည်းလမ်းများ အသုံးပြု၍ ကာကွယ်နိမ့်နင်းခြင်း၊ ပိုးသတ်ဆေးအား စနစ်တကျနှင့် အန္တရာယ်ကင်းရှင်းစွာအသုံးပြုရေး၊ လိုက်နာဆောင်ရွက်ရေး၊ ပိုးသတ်ဆေးဓာတ်ကြွင်းအန္တရာယ် လျှော့ချရေးနည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးဝင်းက ငှက်ပျောစိုက်ပျိုးရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်ရမည့် နည်းလမ်းများ၊ အစာအစားများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုအန္တရာယ်ဆိုင်ရာ သိသင့်သိထိုက်သည်များ၊ ကံပိုင်တည် သီးနှံပိုးမွှားရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေးစခန်း တာဝန်ခံ ဦးစိုးလွင်က တရုတ်နိုင်ငံသို့ တင်ပို့မည့် တစ်သျှူးငှက်ပျောသီးနှံအတွက် ထိန်းချုပ်ပိုးမွှားများ အကြောင်း၊ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု မြင့်မားရသည့် အကြောင်းရင်းများနှင့် ကာကွယ်နိမ့်နင်းရန် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

အမရပူရမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

အမရပူရ အောက်တိုဘာ ၂၈

အမရပူရမြို့ အိုးတော်ရပ်ရှိအိုးတော် အခြေခံပညာမူလတန်းလွန်ကျောင်း၌ အောက်တိုဘာ ၂၇ ရက်က လူငယ်ရေးရာဟောပြောပွဲ ပြုလုပ်သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးညွန့်ဝင်းက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းက လူငယ်များ သိသင့်သိထိုက်သည့် မူးယစ်အန္တရာယ် အကြောင်း၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေမည့် စာပေများ ဖတ်ရှုရန်လိုကြောင်းနှင့် လူငယ်များ သိသင့်သိထိုက်သည့် ဗလငါးတန် အကြောင်းများကို ဟောပြောသည်။ **စိုးသီဟ(အမရ)**

လပွတ္တာမြို့နယ်၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းနှင့် စက်မှုလက်မှုပညာသင်တန်းကျောင်း ဖွင့်ပွဲကျင်းပ

လပွတ္တာ အောက်တိုဘာ ၂၈

လပွတ္တာခရိုင် (၃)မိုင်မြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်အောက်ရှိအမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် စက်မှုလက်မှုပညာသင်တန်းကျောင်းတို့တွင် အောက်တိုဘာ ၂၇ ရက်က သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်တန်းများ ဖွင့်ပွဲကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၁)တွင် တက်ရောက်ကြမည့် သင်တန်းသူ ၂၀ နှင့် စက်မှုလက်မှုပညာသင်တန်းကျောင်း ဆောက်လုပ်ရေးသင်တန်းအမှတ်စဉ်(၁၃)၊ လျှပ်စစ်သင်တန်းအမှတ်စဉ်(၂၀)၊ ဂဟေသင်တန်းအမှတ်စဉ်(၂၀)၊ မော်တော်ယာဉ်စက်ပြင်သင်တန်း အမှတ်စဉ်(၁၅)နှင့် လက်ကိုင်ဖုန်းပြင်သင်တန်းအမှတ်စဉ်(၁၇)တို့တွင် တက်ရောက်ကြမည့် သင်တန်းသား ၃၀ တို့ကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တာချီလိတ်မြို့၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းဖွင့်

တာချီလိတ် အောက်တိုဘာ ၂၈

တာချီလိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် ဖွင့်လှစ်သော အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၉)ဖွင့်ပွဲကို အောက်တိုဘာ ၂၇ ရက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဝေသုံက သင်တန်းဖွင့် အမှာစကားပြောကြားကာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှလှဌေးနှင့် တာဝန်ရှိသူများက သင်တန်းသူများအား ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများပေးအပ်သည်။ တက်ရောက်လာသူများက သင်တန်းတွင် ခင်းကျင်းပြသထားသော ပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါသင်တန်းသို့ မိုင်းယောင်းမြို့၊ မိုင်းတုံမြို့၊ ကျိုင်းလပ်၊ တာလေ၊ မိုင်းကိုး၊ မိုင်းလင်း၊ မိုင်းဟဲ တာချီလိတ်မြို့နယ်အတွင်းမှ ဒေသခံတိုင်းရင်းသူ အမျိုးသမီး ၃၀ တက်ရောက်ပြီး သင်တန်းနှည်းပြများက လက်မှတ် စင်တီမီတာစက်ချုပ်နည်း ၂၂ မျိုး၊ လက်မှုပညာရပ် ၁၀ မျိုး၊ မှန့်လုပ်နည်းနှင့် ဟင်းလျာချက်ပြုတ်နည်း ၁၂ မျိုးကို ရက်သတ္တ ၂၂ ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ဟန်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် အောက်တိုဘာ ၂၇ ရက်က မြို့ပေါ်ရပ်ကွက်များရှိ စက်ရုံများ၊ စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးစဉ်။

နေလင်းအောင်(ပြန်/ဆက်)

ဆီဆိုင်မြို့နယ်၌ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း ဖွင့်ပွဲကျင်းပ

ဆီဆိုင် အောက်တိုဘာ ၂၈

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ဆိုက်ခေါင်)တွင် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲကို ယမန်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ဆိုက်ခေါင်စံပြကျေးရွာရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက နိုင်ငံတော်အနေဖြင့် သင်တန်းသူများအတွက် နေထိုင်ရေး၊ စာသောက်ရေး၊ ပညာသင်ကြားရေး အစစအရာရာအကုန်အကျခံပြီး သင်ကြားပေးနေသည်ဖြစ်၍ သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းမှ အသက်မွေးဝမ်းကျောင်းပညာနှင့် ဗဟုသုတများကို ထူးထူးချွန်ချွန် တတ်မြောက်အောင် လေ့လာသင်ယူကြပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်းမှ ခင်းကျင်းပြသထားသည့် သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုခဲ့ကြသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၂၂ ပတ်ကြာ စာတွေ့လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ထားဝယ်မြို့၌ အခွန်ထမ်းပြည်သူများအား အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

ထားဝယ် အောက်တိုဘာ ၂၈

ထားဝယ်မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင် အခွန်ထမ်းပြည်သူများအား အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၇ ရက်က ထားဝယ်မြို့နယ် အခွန်ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင်ထွန်းလွှေက နိုင်ငံတော် အစိုးရအနေဖြင့် ကောင်းမွန်သည့် အခွန်စနစ်တစ်ရပ်ဖြစ်စေရေး အတွက် အခွန်နှုန်းထားများ တည်ငြိမ်မှုရှိစေရေးကို အခြေခံပြီး လက်ရှိကောက်ခံနေသည့် အခွန်နှုန်းထားများကို တိုးမြှင့်ခြင်းမပြုဘဲ အခွန်ကောက်ခံရေးနယ်ပယ်များကို ချဲ့ထွင်၍ ကောက်ခံရေး မူဝါဒများ ချမှတ်ကာ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အခွန်ထမ်းများအနေဖြင့် အခွန်ပေးဆောင်စေရန်နှင့် အခွန်ထမ်းမဖြစ်သေးသူများအား အခွန်ထမ်းဖြစ်လာစေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ အခွန်အကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဒွေဇင်ယော်(ထားဝယ်)

မိုင်းယောင်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းဆောင်ရွက်မှု ရာနှုန်းပြည့်ပြီစီး

မိုင်းယောင်း အောက်တိုဘာ ၂၈

မိုင်းယောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဒွေလုံးဒွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၂၄ သန်းကျော်ဖြင့် ဝမ်ကောင်း-ခွန်းကျိုင်း-ဝမ်ယွတ်-ဝမ်တုံ ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဇူလိုင်လ တတိယအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းကို အရှည် ၈၊ ၂၆၄၀၊ အကျယ် ၁၆ ပေ၊ အခြင့် ခြောက်လက်မခု ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုဒွေလုံးဒွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၂၄ ဒသမ ၃၂၅ သန်း အသုံးပြုကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်မျိုး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျလင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သန်းလွင်(မကွေး)

စပါး၊ ပဲတီစိမ်း၊ မတ်ပဲတွင် ပိုးသတ်ဆေးကင်းစင်ရေးနည်းလမ်းများ နည်းပညာပေးသင်တန်းဖွင့်

မုံရွာ အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး တိုင်းသီးနှံကာကွယ်ရေးဌာနခွဲက ဦးဆောင်၍ စပါး၊ ပဲတီစိမ်း၊ မတ်ပဲတွင် ပိုးသတ်ဆေးကင်းစင်ရေး နည်းလမ်းများ နည်းပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တိုင်းမြေ၊ မျိုးပိုး ရုံး သင်တန်းခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မောင်မြင့်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက ခရိုင်ဦးစီးမှူးများနှင့် တောင်သူများထံ တမာပိုးသတ်ဆေးများကို ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူးနှင့် တက်ရောက်လာသူများက စပါးသီးနှံတွင် ဥကပ်ပါးနဂါးလွတ်ခြင်း လက်တွေ့ပြသခြင်းတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မာချိုက စပါး၊ ပဲတီစိမ်း၊ မတ်ပဲတွင် ပိုးသတ်ဆေးကင်းစင်ရေး နည်းလမ်းများကို သင်တန်းသား သင်တန်းသူ ၅၅ ဦးအား ရှင်းလင်းသင်ကြား ပို့ချခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သံဖြူဇရပ်၌ သဘာဝဇီဝမြေဩဇာသုံးစွဲမှုအသိပညာပေးဟောပြော

သံဖြူဇရပ် အောက်တိုဘာ ၂၈

သံဖြူဇရပ်မြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် သဘာဝဇီဝမြေဩဇာသုံးစွဲမှု အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ဝဲကလိကျေးရွာအုပ်စု (ဘုရားလေးဆူ) ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က အမှာစကားပြောကြားပြီး နည်းပညာတက္ကသိုလ် (မော်လမြိုင်) မှ ဒေါက်တာ ခင်ဆွေအေးက ရွှေဇီဝမြေဩဇာသုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များ ဆွေးနွေးမေးမြန်းရာ တာဝန်ရှိသူက ပြန်လည်ဖြေကြားဆွေးနွေးသည်။

အဆိုပါ ဟောပြောပွဲသို့ ဝဲကလိကျေးရွာ၊ ဝဲရက်ကျေးရွာ၊ ဝယ်ဝင်ကရာကျေးရွာ၊ ပင်ကျေးရွာ၊ ကရုပ်ဝိကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူစုစုပေါင်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စုအတွင်းမှ ကျေးရွာများ၌ အောက်တိုဘာ ၂၈ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသူနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်မှုဆန့်ကျင်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးစဉ်။

ထွန်းလင်း(ဇေယျာမြေ)

ဘုတ်ပြင်းမြို့၌ အားကစားနှင့် လူငယ်ရေးရာအသိပညာပေး

ဘုတ်ပြင်း အောက်တိုဘာ ၂၈

ဘုတ်ပြင်းမြို့နယ်တွင် အားကစားနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အောင်မင်္ဂလာရပ်ကွက်ရှိ တော်ဝင်မြင့်မိုရ် ကိုယ်ပိုင်အလယ်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် တော်ဝင်မြင့်မိုရ်ကိုယ်ပိုင်အလယ်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာက အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ပြောကြားပြီး မြို့နယ်အားကစားမှူး ဦးစောကျော်စိုးမိုးက ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းပညာရေးအပြင် အားကစားကဏ္ဍကို အထူးလေ့လာလိုက်စားစေလိုကြောင်း၊ လမ်းလျှောက်ခြင်းနှင့် အားကစားနည်းတစ်မျိုးမျိုးကို ပြုလုပ်ခြင်းဖြင့် ရရှိမည့်ကျန်းမာရေးဆိုင်ရာ အကျိုးပြုမှုများနှင့် အားကစားဆိုင်ရာ အသိပညာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ဖြူဖြူသိန်းက လူငယ်များ ဘက်စုံဖွံ့ဖြိုးပြီး အကျင့်စာရိတ္တ ကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ခေါင်းစဉ်ဖြင့် ဟောပြောသည်။

မြို့နယ်(ပြန်/ဆက်)

မိုင်းဆတ်မြို့၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းဖွင့်

မိုင်းဆတ် အောက်တိုဘာ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (မိုင်းဆတ်) ၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ် သင်တန်းအမှတ်စဉ်(၉)သင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက

အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးညီညီထွေးက အမှာစကားပြောကြားပြီး သင်တန်းသို့ မိုင်းဆတ်ခရိုင်အတွင်းမှ သင်တန်းသူ ၃၀ တက်ရောက် မည်ဖြစ်ပြီး သင်တန်းတွင် လက်မှုနှင့် စင်တီမီတာ စက်ချုပ်နည်း ၂၂ မျိုး၊ လက်မှုပညာရပ် ၁၀ မျိုး၊ မုန့်လုပ်နည်းနှင့် ဟင်းလျာ ချက်ပြုတ်နည်း ၁၂ မျိုးတို့ကို ရက်သတ္တ ၂၂ ပတ်ကြာ သင်ကြား ပေးမည်ဖြစ် ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

ပျော်ဘွယ်မြို့နယ်၌ စိုက်ပျိုးထားသည့် မိုးဝါစိုက်ခင်းများ စတင်ဆွတ်ခူး

ပျော်ဘွယ် အောက်တိုဘာ ၂၈

ပျော်ဘွယ်မြို့နယ်၌ စိုက်ပျိုးထားသည့် မိုးဝါစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ဖက်တောကျေးရွာ၊ ရှင်သန်ခြင်း လယ်/ထွေ အသင်းသားတောင်သူ စိုက်ပျိုးထားသည့်စိုက်ခင်းမှ ဝါများစတင်ဆွတ်ခူးနေမှုကို မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ ယမန်နေ့က သွားရောက်ကြည့်ရှုသည်။

သမဝါယမအသင်းသားတောင်သူအနေဖြင့် B-31 ဝါမျိုးလေးဇော စိုက်ပျိုးထားရှိပြီး မြို့နယ်သမဝါယမဦးစီးမှူး ဒေါ်အိရတနာထွန်းက စံသတ်မှတ်ချက်ပြည့်မီစွာ ထွက်ရှိနိုင်ရန်အတွက် အထူးဂရုပြုရမည့် အချက်များ၊ ယခု ဝါများဆွတ်ခူးချိန်တွင် အသင်းသားတောင်သူများ ဈေးကောင်းရရှိရန် ချိတ်ဆက်ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

တာချီလိတ်မြို့၌ အခွန်ဆိုင်ရာအသိပညာပေး

တာချီလိတ် အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနက ၂၀၂၅ ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေအပါအဝင် ပြည်တွင်းအခွန်များဦးစီးဌာနက စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်း ဆွေးနွေးပွဲကို ယမန်နေ့က ခရိုင်နှင့်မြို့နယ် စုပေါင်းရုံးရှိ မြို့နယ်အခွန် ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဘောမြောက အခွန်ကဏ္ဍာတစ်ရပ်ခွဲခြားအလိုက် သိကောင်းစရာများ၊ အခွန်အမှတ် တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက် ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းဆွေးနွေး ပြီး အခွန်ထမ်းပြည်သူများသိလိုသည့် မေးမြန်းဆွေးနွေးချက် များကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်းနှင့် အဆိုပါ အသိပညာပေး ဆွေးနွေးပွဲသို့ အခွန်ထမ်းပြည်သူ ၂၃ ဦး တက်ရောက်ခဲ့ကြောင်း သိရ သည်။

ခရိုင်(ပြန်/ဆက်)

မိုးကောင်းဆုတောင်းပြည့်စေတီတော် (၁၃၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပူဇော်ပွဲနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ကြီးမှူး၍ (၁၃၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပနိုင်ရေး မြို့နယ်ဩဇာလွှမ်းမိုးရေးမှူးရုံးဌာနတို့ကြီးများထံမှ ဩဇာဒါန ခံယူပွဲကို အောက်တိုဘာ ၂၇ ရက်က အဆိုပါစေတီတော်ရင်ပြင်၌ အရိယာဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ နမောတဿဝံသုံးကြိမ်ရွတ်ဆို ကန်တော့ပြီး ငါးပါးသီလခံယူ ဆောက်တည်ကြကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်က သာသနာ့ရေးဆိုင်ရာများ လျှောက်ထားသည်။ ယင်းနောက် မြို့နယ်ဩဇာလွှမ်းမိုးရေးမှူးရုံးဌာနတို့ကြီးများက ဩဇာဒါနထာ မြွက်ကြားပြီး စေတီတော်ဂေါပကအဖွဲ့က ဆောင်ရွက်ရန်ကိစ္စရပ်များကို လျှောက်ထားသည်။

လှလှထွေး(ပြန်/ဆက်)

မြစ်သားမြို့၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ကျေးလက်လမ်းများ စစ်ဆေး

မြစ်သား အောက်တိုဘာ ၂၈

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးခန့်ကြီးဌာန သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက် ရှိသည့် မြစ်သားမြို့နယ်အတွင်းရှိ ကျေးလက်လမ်းတည်ဆောက်ရေး လုပ်ငန်းခွင်များသို့ ယနေ့မွန်းလွဲပိုင်းက လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်စန်းစန်း၀ေ၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများနှင့်အတူ အမှတ် (၄)ခရိုင် ပတ်လမ်း (မြင်းခြံကုန်း-ခံတက္ကုန်း-နှမ်းခင်း-ရွှေစေတီလမ်း) ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

မြို့နယ်(ပြန်/ဆက်)

သစ်တောမှန်လျှင် အသုံးဝင်၊
အစဉ်ထာဝရ ထိန်းသိမ်းကြ။

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များနှင့် ရေယာဉ်ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၆ ရက်တွင် ဖောယမ်းမြို့ပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုး စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၅၁၉၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၇ ရက်တွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် အကွက် အမှတ်(၈၉၈)၌ တရားဝင် စာရွက်စာတမ်းအထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၈မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၈၀၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အမျိုးသား ဆေးဝါးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ

ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၉ ရက်တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် ခုနှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၂ စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၁ ရက်တွင် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာ၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၁၇ ဒသမ ၇၇၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၆၃၂၂၀၀)နှင့် အဆိုပါ သစ်များ တင်ဆောင်လာသည့် Foton Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်း ကောင်း၊ အောက်တိုဘာ ၂၅ ရက်တွင် ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ် တစ်စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန် ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှုရှိ၊ မရှိ ရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုးအား အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ (ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း ၆၃ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်းတစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇၆၃၀၈၇၆၈၁)နှင့် အဆိုပါပစ္စည်း များတင်ဆောင်လာသည့် MV. MCL 20 ရေယာဉ် တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၃၇၅၀၈၉၁ ကို အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၅ ရက်တွင် ဝေမြို့ အထွက် ရှောင်ကွင်းလမ်း၌ မော်တော်ယာဉ်သုံးစီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၄၅၅၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace နှစ်စီး၊ Nissan Caravan တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကို လည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များ အတွင်းမှ လူသုံးကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃၈၅၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၂၉၅၀၈၆ ကို ဖမ်းဆီး ရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၇ ရက်၊ ၁၉ ရက်၊ ၂၁ ရက်၊ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၄၅၈၃၅၁၁)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှု ကဏ္ဍာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရား မဝင်ကုန်သွယ်မှုများသည် အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရား မဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူ များက ယခုထက် ပိုမိုရှိ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်

အောင်ပန်းမြို့၌ စက်မှုလက်မှုပညာသင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းဖွင့်

အောင်ပန်း အောက်တိုဘာ ၂၈

အောင်ပန်းမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ အောက်တိုဘာ ၂၇ ရက်က စက်မှုလက်မှုပညာသင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲ ကျင်းပသည်။ (ယာပုံ)

ဦးစွာ ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းအတွက် ထောက်ပံ့ငွေများပေးအပ်၍ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါသင်တန်းကျောင်း၌ စက်မှုလက်မှုအခြေခံသင်တန်းတွင် လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းတို့ကို သင်တန်းသား ၃၀ ဖြင့်လည်းကောင်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းတွင် အစားအစာနှင့် အဖျော်ယမကာ သင်တန်းနှင့် အိပ်ခန်းဆောင်သင်တန်းတို့ကို သင်တန်းသူ ၂၀ တို့ဖြင့် သင်တန်းကာလ ၂၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

ကျွန်းလှမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

ကျွန်းလှ အောက်တိုဘာ ၂၈

ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ပိတောက်မြိုင်ရပ်ကွက် မူလတန်းကျောင်း၌ ကျင်းပသည်။

ကြည့်ရှုလေ့လာ

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူငယ်နှင့်အနာဂတ်၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ စာဖတ်ခြင်း အကျိုးကျေးဇူး စသည့်ခေါင်းစဉ်များဖြင့် အသိပညာပေးပြောကြားပြီး ခင်းကျင်းပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံများ၊ စာအုပ်၊ စာစောင်များအား ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၈

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ကိုယ်ကိုယ်တိုင်က တံတားဆောက် လမ်းဖောက် တာမျိုး မလုပ်ပေးနိုင်ပေမယ့် ကိုယ်ထူကိုယ်ထလမ်းဖောက်သူ ပြည်သူများအား သတ်ဖြတ်နေသည့် အကြမ်းဖက်များ"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ဘယ်သူတွေဘယ်လိုပဲ ဖျက်လိုဖျက်ဆီးလုပ်ပါစေ မလွဲမသွေ အောင်မြင်အောင် လုပ်ဆောင်သွားမယ့် ပြည်သူတို့ရဲ့ ရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီး ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကလေး၀မြို့၌ ယူရီးယားဓာတ်မြေဩာနှင့်မျိုးစေ့များ ပေးအပ်

ကလေး၀ အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေး၀မြို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် တောင်သူများအား ယူရီးယားဓာတ်မြေဩာနှင့် မျိုးစေ့များပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနခွဲ ပြုလုပ်သည်။

အဆိုပါ အခမ်းအနားဌာန မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဇော်ဇော်အောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးနိုင်က ယူရီးယားဓာတ်မြေဩာနှင့် မျိုးစေ့များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက တောင်သူများအား ယူရီးယားဓာတ်မြေဩာနှင့် မျိုးစေ့များကို ပေးအပ်သည်။

မြို့နယ်(ပြန်/ဆက်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊တိုးချဲ့(၁)လမ်းမြေကွက်အမှတ်(၁၃/၈)၊ မြေအလျား၊အနံ (၁၉/၂၀×၆၀)ပေ၊ (၁၁၎၀)တဲ့ဂုဏ်းပေအကျယ်ရှိ **ဒေါက်တာထွန်းမိုင်ဇော်(၁၂/တပရ(နိုင်)၀၁၎၀၀၂၂၀)**အပည်ပေါက် နှစ်(၆၀) ဆိုင်းငံးဂရန် မြေကွက်အားဆေးကာထွန်းနိုင်ဇော်မှ ၎င်းဆေးလျင် တရားဝင် အပည်ပေါက် ပြီဆိုပြီးရောင်းချခဲ့ကြသည်ဟု ပြန်ကတိပြုသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ကာနင်ပြီးအာဝဇ်ယုန်းအတွက်ဝန်ခံခွင့် တစ်စိတ်တာဒေသကို ပေးခဲ့ ထားပြီး ရှင်းပယ်သည်အထိတိုင်အောင်မြင်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိကာကွယ်ပိတ်ဆိုသို့ တိကျ ခိုင်လုံသော တရားဝင် စာရွက်စာတန်း မှားပြားနှင့်တကွ ယခု ကြော်ငြာပယ်သည်နေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ယင်းအနေ ကျော်လွန်ကာ အရောင်းအာဝဇ် ကိုယ်စား နှိုးဆော်ပြီး ထောင်ချက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစင်မင်းထိုက် LL.B, D.B.L . ဒေါ်နီးဝတ်ရည် LL.B

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၃၀) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၆၀)

အမှတ်(၃၄၄/က)သိရိနန်း(၁)လမ်း (၄၀)ရပ်ကွက်၊ပုဇွန်တောမြို့နယ် ရန်ကုန်မြို့

ဖုန်း - ၀၉၂၄၀၄၅၅၂၂၊ ၀၉၄၂၀၄၇၄၇၅၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/26751, Wanqiang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောလဲ့ရီ ၉/အရ(နိုင်)၁၁၀၈၈၂၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနအရှိရုံး

(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်(၁)ရပ်ကွက်၊ အကွက် အမှတ် (၁-ထီးလွှင်)၊ ဦးပိုင်အမှတ် (၁၁၃-၀)။ ဧရိယာ(၀.၁၁၀)ဧက အား ဒေါ်ရီရီထွန်း အမည်ဖြင့် သက်တမ်းတူး၁/အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လို သူရှိပါက မြေပိုင်ဆိုင်မှုအထောက် အထားများတင်ပြပြီး ယနေ့မှစ၍(၁၅) ရက်အတွင်း ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန်သည်အထိ ကန့်ကွက် ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဒေါ်ရီရီထွန်း အား မြေငှားရန် ထုတ်ပေးလိမ့်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

ကောင်းမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူလျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/2343 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီရိအောင် ၁၂/ဗဟန(နိုင်)၀၀၅၅၉၂၈၁ (ကမ-၃) ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနတိုင်းဒေသကြီးဦးစီးမှူးရုံး

(ပဲခူး)

အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့

ကျောင်းကုန်းမြို့၌ ကော်ဖီပျိုးပင်စိုက်ပျိုးပွဲ ကျင်းပ

ကျောင်းကုန်း အောက်တိုဘာ ၂၈

ကျောင်းကုန်းမြို့ အမှတ်(၄)ရပ်ကွက် ဂွတ်ဘရားသားရုံးဝင်း၌ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကော်ဖီပျိုးပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကျဲပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် စိုက်/တိုး/ဖြှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ ဂွတ်ဘရားသားဝန်ထမ်းများက ကော်ဖီပျိုးပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/56539,Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲရဲကျော် ၁၄/ငပတ(နိုင်) ၂၄၈၂၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး

(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/90632, Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရဝေ ၉/ခမစ(နိုင်) ၁၀၄၉၃၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး

(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၊ နောင်ဆိုင်ကျေးရွာနေ ဦးမော်ခန်း ၅/နယန(နိုင်)၀၀၅၃၉၃ ၏ သမီးဖြစ်သူ မဆန်းရွယ် ၅/နယန (နိုင်)၀၁၁၅၂၁ မွေးသက္ကရာဇ် (၁၁-၅-၁၉၉၅)၏ မွေးသက္ကရာဇ်အမှန်မှာ (၃-၇-၁၉၉၅) ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဧရာ၀တီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အထက ပြင်ခရိုင်မှ ဆရာမ ဒေါ်လှလှရီ ၁၄/ငပတ(နိုင်) ၁၁၁၄၄၀၏ ဖခင်အမည်မှန်မှာ ဦးမာမွတ် ဖြစ်ကြောင်း။

ဦးမာမွတ်

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/6379 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/6493 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုခိုလမ်း၊ အမှတ်(၇)ဟူခေါ်တွင်သော (၂)ခန်းတွဲ (၂)ထပ်တိုက်၏ ပထမထပ်/ခေါင်းရင်းခန်း (တိုက်ရွေ့ပျက်နာမူလျှင်-ယာဘက်)၊ အကျယ် အနှံး(၁၂ပေခွဲ×၅၀ပေ)ရှိ တိုက်နှံးနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါဝိစာပါတိုက်ခန်းကို မြေပိုင်ရှင်လည်းဖြစ်ပြီး တိုက်ခန်းပိုင်ရှင်လည်း ဖြစ်ပါသည်။ ၎င်းအပြင် ယခုတိုင် လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ခေါင်းသူဇာသွင် (၁၂/ပဝမခ(နိုင်)၀၂၁၅၃၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်ယဉ်နန်း (၁၁/စတန(နိုင်)၀၅၉၃၄၈) က အပြီးအပိုင် ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက် ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆) တရားလွှတ်တော်ရှေ့နေ

အမှတ်(၂၁)၊ ပထမထပ်၊ ဗျိုင်းရေဆိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း- ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၆၆၆၆၈၊ ၀၉-၉၅၀၀၅၅၅၉၅

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1C/3337 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထား လာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညာ၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

